DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၈၃)

# သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

ကွန်ပျူတာစာစီ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂/ ၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

**တရားစာအုပ်များကို**

**ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်**

# သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

**မှတ်တမ်း**

သာသနာတော်နှစ် ၂၅၅၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈-ရက်၊ ၂၀၁၁ -ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅-ရက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ်၊ မဟာသကျသီဟဘုရား ဝေဇယန္တာမဟာဗန္ဓုလ ဓမ္မာရုံ ဓမ္မဗိမာန်တော်ကြီးတွင် ဆင်ယင်ကျင်းပပြုလုပ်အပ်သော ရတနာလူငယ် မြတ်ဗုဒ္ဓဒေသနာတော် ပြန့်ပွားရေးအဖွဲ့ တရားစာအုပ် တရားတိတ်ခွေ ဓမ္မဒါန ကုသိုလ်ပြုလုပ်ငန်း (၅)နှစ်ပြည့် အထိမ်းအမှတ် တရားတော်ကို ပူဇော်ခြင်း အထူးဓမ္မသဘင် အခမ်းအနား၌ ရတနာလူငယ် မြတ်ဗုဒ္ဓဒေသနာတော် ပြန့်ပွားရေး အကျိုးဆောင်အဖွဲ့နှင့် ရတနာညီအစ်ကိုမောင်နှမများ၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"သူ့အမြင်၊ ကိုယ့်အမြင်၊ ဓမ္မအမြင်"** တရားဒေသနာတော်။

သူ့အမြင် ကိုယ့်အမြင်၊ ဓမ္မအမြင်မှာ- အမြင်ဆိုတဲ့ စကားလုံးကို **"ဒဿန"** လို့ အသုံးပြုကြတယ်။ ဒိဋ္ဌိလို့လည်း အသုံးပြုကြတယ်။ **"ဒဿနံ ဒိဋ္ဌိ"** လို့

ပါဠိစာပေမှာ ဒိဋ္ဌိကို ဒဿနဆိုတာနဲ့ ဖွင့်ပြတယ်။ အဲဒီတော့ ဒဿနနဲ့ ဒိဋ္ဌိဟာ အဓိပ္ပါယ်အားဖြင့် တူညီတယ်။ သို့သော် ရံဖန်ရံခါ ကွဲပြားခြားနားမှု ရှိတယ်။ **ဒိဋ္ဌိ**ဆိုတဲ့ စကားလုံးကို မှားယွင်းတဲ့အမြင်နဲ့ပတ်သက်ပြီး သုံးတာများတယ်။ **သမ္မာဒိဋ္ဌိ** ဆိုတော့မှ အမြင်မှန်တာကို ယူတယ်။ **ဒဿန** ဆိုတာ အမှားနဲ့ မပတ်သက်ဘူး။ ဉာဏ်ရဲ့ အမြင်နဲ့ပတ်သက်ပြီးသုံးတယ်။ ဒါက ပိဋကတ် သုံးပုံမှာ စကားလုံးအသုံးပြုမှုနဲ့ ပတ်သက်ပြီးပြောတာ။

**ဒိဋ္ဌိ**လို့ ပြောလို့ရှိရင် မှားယွင်းတဲ့ အထင်အမြင်တွေကို ရည်ညွှန်းလေ့ရှိတယ်။ အဲဒီနေရာမှာ **"ဒိဋ္ဌိ"** ဆိုတာနဲ့ **"တိတ္ထိ"** ဆိုတာ ဒီစကားလုံးနှစ်ခုက မတူဘူး။ **တိတ္ထိ**ဆိုတာ **တိတ္ထိယ** ဆိုတဲ့ စကားလုံးက လာတာ။ 'ယ' ဖြုတ်ပြီး ဗမာစာမှာ တိတ္ထိလို့တင်ခေါ်တယ်။ အဲတော့ တိတ္ထဆိုတာ အယူဝါဒကို ပြောတာ။ တိတ္ထိယ ဆိုတာ အယူဝါဒတစ်ခုကို စွဲကိုင်ထားတဲ့ပုဂ္ဂိုလ်(Holder of wrong view) ပေါ့။ အဲဒီ ပုဂ္ဂိုလ်မျိုးကို တိတ္ထိယ လို့ခေါ်တာ။ အဲတော့ တိတ္ထိယဆိုတဲ့ စကားလုံးက

ပုဂ္ဂိုလ်ကို ရည်ညွှန်းတဲ့စကားလုံး။ မြန်မာစာမှာ ဒိဋ္ဌိ တက္ကတွန်းတွေလို့ ရေးကြတယ်။ အဲဒါကျတော့ တိတ္ထိ တက္ကတွန်းတွေလို့ မှန်အောင်သုံးတတ်ဖို့ လိုအပ်တယ် ပေါ့။ အေး ပါဠိမတတ်လို့ မှားတယ်လို့လည်း ဒီလို မပြောလေနဲ့ပေါ့။ မတတ်တာ ဆိုတာက သူဟာသူ ဘယ်သူမှ တတ်မလာဘူး၊ တတ်အောင် လုပ်ရမှာပေါ့ နော်။ တစ်လုံးချင်း တစ်လုံးချင်းဖြစ်စေ တတ်အောင် လုပ်ရမယ်၊ မှန်ကန်မှုရှိအောင် သုံးတတ်ဖို့လိုတာပေါ့။

အဲတော့ ဒဒွေးလုံးကြီးတင်နဲ့ ဌဝမ်းဘဲလည်ဆင့်နဲ့ နှစ်ဆင့်ရေးထားတဲ့ ဒိဋ္ဌိဆိုတာက ဒဿနဆိုတာနဲ့ သွားတူတယ်။ အမြင်လို့ ပြောတယ်။ ရှေ့က "**သမ္မာ**" မပါဘဲနဲ့ "**ဒိဋ္ဌိ**" လို့ ပြောလို့ရှိရင် များသောအားဖြင့် မိစ္ဆာဒိဋ္ဌိကိုပဲ ရည်ညွှန်းလေ့ရှိတယ်။ တစ်ခါတရံ ထင်ရှားအောင် ရှေ့က (Qualifier word) လို့ခေါ်တဲ့ 'မိစ္ဆာ'ဆိုတဲ့ စကားလုံးကို ဖော်ပြရင်တော့ သေချာပေါက် "မှားယွင်းတဲ့ အမြင်" လို့ ဒီလိုဆိုလိုတာ။ အားလုံး ရကြတဲ့ စကားလုံးတစ်ခုကို ကြည့်။

မေတ္တာသုတ် အဆုံးဂါထာမှာ **“ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော”** ဆိုတဲ့စကား ပါရှိတယ် နော်။ အဲဒီမှာ **‘ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ’** မှ ‘ဒိဋ္ဌိ’ ဆိုတာက မှားယွင်းတဲ့ အမြင်တစ်ခုကို ပြောတာ။ **‘သီလဝါ ဒဿနေန သမ္ပန္နော’** မှာ ဒဿနကတော့ (ဒီ သောတာပတ္တိမဂ်ဉာဏ်လို့ဟာမျိုး) မှန်ကန်တဲ့အမြင်ကို ရည်ညွှန်းတယ်။ ဒါကြောင့် စကားလုံးရဲ့ အနေအထား ကို ကြည့်ပြီး ဘုန်းကြီးတို့ အမှန်အကန်ကို သိကြရတာ။ ဒီစကားလုံးဟာ ဘယ်နေရာမှာ သုံးတာလဲ။ သုံးတဲ့ အပေါ် သို့မဟုတ် (Word contact) ခေါ်တဲ့ စကားလုံး ရဲ့ ဆက်သွယ်မှုကို ကြည့်ပြီး ဆုံးဖြတ်ရတာ။ အဲဒီလိုမှ မသိဘူးဆိုလို့ရှိရင် ဒီစကားလုံးကို တွေ့ကရာမှာ လျှောက်သုံးလို့ရှိရင်တော့ မှန်ကန်မှာ မဟုတ်ဘူးပေါ့ နော်။ အဲတော့ ပါဠိစာပေမှာလည်း စကားလုံးက သူ့ နေရာနဲ့သူ သုံးရတာ။

ယခု “သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်” မှာ အမြင်ဆိုတဲ့ စကားလုံးဟာ ဒိဋ္ဌိဆိုတဲ့ စကားလုံးက

လည်း လာတယ်၊ ဒဿန ဆိုတဲ့ စကားလုံးကလည်း လာတယ်။ အားလုံးဟာ မြင်တာ။ အမြင်ဆိုတဲ့ နေရာမှာ ဉာဏ်အမြင်ကျတော့ အမှားမရှိဘူးနော်။ ဉာဏ်အမြင် မဟုတ်ဘဲနဲ့ မှားယွင်းတဲ့ ထင်မြင်ယူဆမှုလို့ ဆိုတာကျတော့ မှားယွင်းတယ်။ အသိဉာဏ်မပါဘဲနဲ့ မာနနဲ့မြင်တယ်၊ တဏှာနဲ့မြင်တယ်၊ ဒိဋ္ဌိနဲ့မြင်တယ် ဆိုတဲ့ အဲဒီအမြင်တွေက မှားတဲ့အမြင်။ မိစ္ဆာဒိဋ္ဌိလို့ ဒီလိုခေါ်တယ်။ အဲတော့ သူ့အမြင် ကိုယ့်အမြင် အမြင်ချင်း မတူကြဘူး။

အခု ဒီသုတ္တန်ရဲ့ အမည်နာမက **ကိံဒိဋ္ဌိကသုတ်။** အင်္ဂုတ္တရနိကာယ်မှာ ပါရှိတယ်။ အဓိပ္ပါယ်ကတော့ "ဘယ်လိုအမြင် ရှိသလဲ၊ ဘာအမြင် ရှိသလဲ" ဖြစ်တယ်။ ဒီစကားလုံးယူပြီး ဘုန်းကြီးက "သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်" နာမည်နဲ့ဟောတာ ဖြစ်ပါတယ်။ ဟောမှာက **'ကိံဒိဋ္ဌိက'သုတ်**ကို ဟောပြောမယ်။ ဒီသုတ္တန်က မှတ်သားစရာ ကောင်းတာ။ သူ့အမြင် ကိုယ့်အမြင် ဆိုတာ မှန်ချင်မှမှန်တယ်။ ဓမ္မအမြင်ကျတော့ အမှား

မရှိဘူး။ သူ့အမြင် ကိုယ့်အမြင်ဆိုတာ လွဲမှားတာတွေ အများကြီး ရှိတယ်။ ဟုတ်ချင်လည်းဟုတ်မယ် မဟုတ်ချင်လည်း မဟုတ်ဘူး။ ဓမ္မအမြင်ကျတော့ မှန်ကန်တဲ့ အမြင်။

နောက်တစ်နည်း ပြောမယ်ဆိုလို့ရှိရင် ဘုန်းကြီးတို့တတွေဟာ ဗုဒ္ဓကို ယုံကြည်လို့ ဗုဒ္ဓသာဝကအဖြစ် ခံယူထားကြတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။ ဥပါသကာ ဥပါသိကာမ ရဟန်းသံဃာတွေရော အကုန်လုံးဟာ ဗုဒ္ဓဘာသာဝင်တွေ၊ ဗုဒ္ဓရဲ့ တပည့်သာဝကအဖြစ် ခံယူထားကြတဲ့ပုဂ္ဂိုလ်တွေဖြစ်တော့ သူ့အမြင် ကိုယ့်အမြင်တွေ မပါတဲ့ ဓမ္မအမြင်နဲ့ ဘယ်လိုမြင်ရမလဲဆိုတဲ့ ဒီအချက်ကို သိစေချင်တာပေါ့။ ဓမ္မအမြင်နဲ့ မြင်ဖို့လိုတယ်။ သူ့အမြင် ကိုယ့်အမြင်ဆိုတာတွေက မှားချင်မှားမယ်။ အဲဒီ မှားယွင်းတဲ့အမြင်တွေနောက်ကို မလိုက်ဘဲနဲ့ ဓမ္မအမြင်ဆိုတာ ဘယ်လိုအမြင်လဲလို့ ဒီအဓိပ္ပါယ်ကို ရှင်းလင်းဖော်ပြမယ်။

နောက် တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် **"စစ်မှန်သော ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ ဓမ္မအမြင်က ဘာလဲ" 'ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဘဝကို ဘယ်လိုရှုမြင်မလဲ'** လို့ မေးလို့ရှိရင် ဘယ်လိုဖြေမလဲ။ ဗုဒ္ဓဘာသာရဲ့အမြင် What is Buddhist view? ဟာ ဘယ်ဟာလဲလို့ တစ်စုံတစ်ယောက်က မေးခဲ့မယ်ဆိုရင် Buddhist view ကို ရှင်းပြနိုင်ရမယ်။ အမြင်ဆိုတာကို ဘယ်လိုရှင်းပြမလဲ။

ဒီသုတ္တန်မှာ အနာထပိဏ် သူဌေးကြီးက ဗုဒ္ဓဘာသာတစ်ယောက်ရဲ့ ဓမ္မအမြင်ကို သူ ရှင်းပြတာ။ အနာထပိဏ်သူဌေး ဆိုတာ အားလုံးသိတဲ့အတိုင်း ဗုဒ္ဓမြတ်စွာနဲ့ အလွန်ရင်းနှီးတယ်။ ရာဇဂြိုဟ်မြို့သွားရင်းကနေ ဘုရားနဲ့တွေ့ပြီးတော့ အမှတ်မထင် ဗုဒ္ဓဘာသာဖြစ်ခဲ့တယ်။ မြတ်စွာဘုရားနဲ့ သိပ်တွေ့ချင်လို့ ဘုရားနဲ့သွားတွေ့တာ။ ဘုရားအပေါ်မှာ သိပ်ကျေနပ်ပြီး တရားနာလိုက်ရတဲ့အခါမှာ သောတာပန် ဖြစ်သွားတယ်။ သောတာပန်ဖြစ်သွားပြီ ဆိုကတည်းက ဗုဒ္ဓ

ဘာသာစစ်စစ် ဖြစ်သွားပြီလို့ ဒီလိုပြောတာနော်။ ဘယ်တော့မှ မပြောင်းလဲတဲ့ ဗုဒ္ဓဘာသာဖြစ်တာ။

အဲဒီမှာတင် သာဝတ္ထိမြို့သို့ ဘုရားကိုပင့်ခဲ့တာ။ သာဝတ္ထိမြို့ကို ဘုရားပင့်တာ အနာထပိဏ်သူဌေးပဲ။ သူ့နာမည်ရင်းက **သုဒတ္တ** လို့ခေါ်တယ်။ ဇေတဝန် ကျောင်းတော်ကြီး ရေစက်ချပွဲမှာ သူ့ရဲ့ညီတစ်ယောက် က မြတ်စွာဘုရားရဲ့တရား နာရတဲ့အခါ ဘုန်းကြီး ဝတ်သွားတယ်။ **သုဘူတိ** လို့ခေါ်တယ်။ သူတို့ ညီ အစ်ကို နှစ်ယောက်က သုဒတ္တနဲ့ သုဘူတိ။ သုမန သူဌေးကြီးရဲ့သားတွေ။ သာဝတ္ထိမြို့မှာတော့ မြို့ မျက်နှာဖုံးလို့ ပြောရမှာ။ အလွန်ချမ်းသာတဲ့သူတွေပေ့ါ။

ဘုရားပင့်လာတဲ့ အနာထပိဏ်သူဌေးကတော့ ဘုန်းကြီးမဝတ်နိုင်ဘူးနော်။ ဘုန်းကြီးမဝတ်နိုင်ဘူး။ သူက ကျောင်းဒါယကာဘဝနဲ့ပဲ အသက်ထက်ဆုံး မြတ်စွာဘုရားရဲ့ သာသနာကို ထောက်ပံ့လှူဒါန်းပြီး နောက်ဆုံးမှာ အသက်အရွယ် ကြီးရင့်လာတဲ့အခါမှာ အရှင်သာရိပုတ္တရာရဲ့ အဆုံးအမ '**အနာထပိဏ္ဍိကော-**

**ဝါဒ**’ ဆိုတဲ့ သုတ္တန်ကို ကြားနာပြီးတဲ့နောက်မှာ သူဟာ သေဆုံးသွားတယ်။ ဘဝတစ်ခု အဆုံးသတ်သွားတယ်။ အဆုံးသတ်သွားတဲ့အခါ တုသိတာ နတ်ပြည်ကို ရောက်သွားတယ်။

သူ့သားတွေ သမီးတွေကလည်း အင်မတန်မှ တော်ကြတယ်။ အဲဒီထဲမယ် အတော်လေး ဟောပြော ပေးရတဲ့ သားတစ်ယောက်ကတော့ ‘**ကာဠ**’ (ကာလ) ဆိုတဲ့ သားတစ်ယောက်ပဲ။ မလိမ်မိုး မလိမ္မာမို့ ပိုက်ဆံ ပေး ချော့မော့ပြီးတော့ ဘုရား တရားနာအောင် လုပ်တာ။ နောက်ပိုင်းတော့ သူလည်းပဲ လိမ္မာသွားတယ် ပေါ့။ အဲတော့ အနာထပိဏ်သူဌေးကြီးမှာ ကျန်တဲ့ သမီးတွေကတော့ စူဠသုဘဒ္ဒါတဲ့၊ မဟာသုဘဒ္ဒါတဲ့၊ သုမနာဒေဝီတဲ့။ ဒီသမီးတွေကတော့ အင်မတန်မှ လိမ္မာတယ်။ အဖေ့ခြေရာနင်းပြီးတော့ သောတာပန် တွေ သကဒါဂါမ်တွေဖြစ်ကြတယ်။

သုမနာဒေဝီက သကဒါဂါမ် ဖြစ်သွားတယ်။ ဒါကြောင့်မို့ သေခါနီးမှာ သူ့အဖေကို သတိပေးတဲ့

အနေနဲ့ ဘာပြောသွားတုန်းဆို အဖေကို အဖေလို့ မခေါ်ဘဲနဲ့ **'မောင်လေး'** လို့ ခေါ်သွားတာ။ ဒါသတိပေး သွားတာ။ ဓမ္မအမြင်နဲ့ ပတ်သက်ပြီးတော့ အဖေက သမီးထက် ငယ်နေတယ်။ ဗမာပြည်မှာတော့ အဖေ ထက် သားတစ်လကြီးဆိုတဲ့ နတ်ရုပ်တော့ ရှိတယ်နော်။ ဒီမှာတော့ သမီးက အဖေထက် ကြီးနေတယ်။

နောက် အနာထပိဏ်သူဌေးရဲ့ သားတစ်ဦး အကြောင်း အင်္ဂုတ္တရနိကာယ်မှာပါတာ ရှိသေးတယ်။ သူ့သားတစ်ယောက် သက်န်း ဝတ်သွားတယ်။ မောင်သဒ္ဓ = သဒ္ဓါတရားရှိသူလို့ အမည်ပေးရတယ်။ မြတ်စွာဘုရားဟောတဲ့ တရားတွေဟာ ဟောတာက လည်း တစ်ချိန်စီ ဟောတယ်။ ဟောတဲ့နေရာကလည်း တစ်နေရာစီဟောတယ်ဆိုတော့ ဟိုနားလေးမှတ်ထား၊ ဒီနားလေး မှတ်ထား။ ကျမ်းကို နှံ့နေအောင်ကြည့်ပြီး ပြန်စုစည်းနိုင်မှ ဒီဇာတ်လမ်းက ပေါ်လာတာ။ အဲတော့ သူ့သားတစ်ယောက်ရဲ့ နာမည်ကို ဘယ်မှာတွေ့ရတုန်း

ဆိုတော့ အင်္ဂုတ္တရနိကာယ်မှာ **သဒ္ဓသုတ်**ဆိုတာရှိတယ်။ အဲဒီ သဒ္ဓသုတ်မှာတွေ့ရတယ်။

သုဘူတိမထေရ်က သူ့ရဲ့တူဖြစ်တဲ့ ရဟန်းကို မြတ်စွာဘုရားဆီ ခေါ်သွားပြီး မိတ်ဆက်ပေးတယ်၊ "အရှင်ဘုရားတဲ့ ဒီကိုယ်တော်လေးဟာတဲ့ သုဒတ္တရဲ့ သားပါတဲ့" အဲဒီ မိတ်ဆက်ပေးတဲ့စကားအရ သဒ္ဓဆိုတဲ့ သားတစ်ယောက် ရှိသေးတယ်ဆိုတာလည်း သိခွင့် ရတာပေါ့နော်။

(ဒါ့အပြင် မြတ်စွာဘုရားဟာ သစ္စကပရိဗိုဇ်ကြီးနဲ့ တွေ့တာ ဘယ်အချိန်လဲလို့ မှတ်သားမိကြတုန်း။ သစ္စကပရိဗိုဇ်နဲ့ မြတ်စွာဘုရား တွေ့တဲ့အချိန်ကို ဘယ်သူမှန်အောင် ပြောနိုင်တုန်း၊ စာကိုကြည့်ရတယ်၊ ဗုဒ္ဓဝင်ကြည့်ရုံနဲ့ မသိဘူး၊ သစ္စကပရိဗိုဇ်ကြီးနဲ့ မြတ်စွာ ဘုရား တွေ့တဲ့အချိန်ဟာ ဘယ်အချိန်တုန်းဆိုရင် မြတ်စွာဘုရား ၇၂ နှစ်ကျော်မှတွေ့တာ။ အထောက် အထားက ဘာလဲလို့ဆိုရင် အတ္တအကြောင်းကို ပြောတဲ့ အခါမှာ ဗိမ္ဗိသာရ မင်းကြီးကို ဥပမာမပေးဘဲနဲ့

အဇာတသတ်ကို ဥပမာပေးတာ။ အဇာတသတ် နန်းတက်တာက မြတ်စွာဘုရား ၇၂ နှစ်ရောက်မှ နန်းတက်တာ။ အဲတော့ ၇၂ နှစ်ရဲ့ နောက်ပိုင်းကျမှ သစ္စကပရိဗိုဇ်နဲ့တွေ့တာ။ အောင်ခြင်းရှစ်ပါးမှာတော့ သာမန်ရေးသွားတာသာ ရှိတယ်နော်။ ဘယ်အချိန်လောက် သစ္စကပရိဗိုဇ်နဲ့ မြတ်စွာဘုရားနဲ့တွေ့တယ်ဆိုတာ မပြောနိုင်ဘူး။ သို့သော် စာပေကို နှံ့နှံ့စပ်စပ်ကြည့်ပြီး ရှေ့နောက်စဉ်လိုက်မယ်ဆိုလို့ရှိရင် မြတ်စွာဘုရားနဲ့သစ္စကပရိဗိုဇ်တွေ့တာ ဒီစကားကိုထောက်ပြီး အသက် ၇၂ နှစ်နောက်ပိုင်းမှ တွေ့တယ်လို့ မှတ်ရမယ်။)

အနာထပိဏ်သူဌေးဆိုတာ မြတ်စွာဘုရားအပေါ်မှာ အင်မတန်မှ ငဲ့ညှာတဲ့ ဒါယကာကြီး။ ကျောင်းသွားတဲ့အခါမှာ ဘုရားကို ဘယ်တော့မှ မေးခွန်းတွေများများမေးလေ့မရှိဘူးနော်။ သူ့ကို ရှင်းပြနေရင် ပင်ပန်းမှာစိုးလို့။ မြတ်စွာဘုရားက တရားဟောနေရင် ပင်ပန်းမှာစိုးလို့တဲ့။ အင်မတန်မှ ငဲ့ညှာတဲ့သဘော။

တစ်နေ့ကိုသုံးကြိမ် ဇေတဝန်ကျောင်းကို ရောက်အောင် သွားတယ်။ လုပ်စရာရှိတာလေးတွေ လိုက်လုပ်ပေးပြီး ဘုရားနားချဉ်းကပ်တယ်။ မေးခွန်းမေးတာ အင်မတန်မှ နည်းတယ်။ မမေးဘူး။ ဘုရားကို ဟိုဟာသိချင်လို့ ပြောပါဦး၊ ဒီဟာသိချင်လို့ ပြောပါဦး မလုပ်ဘူးတဲ့။ ဘာဖြစ်လို့မလုပ်တာတုန်းဆို ဘုရားအပေါ်မှာ ငဲ့ညှာလို့။ ဒါကို ဘယ်မှာ မှတ်တမ်းတင်ထားတုန်းဆို ဓမ္မပဒ အဋ္ဌကထာမှာ မှတ်တမ်းတင်ထားတာ။

အနာထပိဏ် သူဌေးကြီးက ရဟန်းတော်တွေ ထဲမှာ ဘယ်သူ့ကို အကြည်ညိုဆုံးလို့ဆိုရင် မြတ်စွာ ဘုရားရဲ့ လက်ယာရံအဂ္ဂသာဝက အရှင်သာရိပုတ္တရာ ကိုအကြည်ညိုဆုံး။ အရှင်သာရိပုတ္တရာနဲ့ စရိုက်ဝါသနာ ချင်း တူတယ်။ လူဆိုတာ သူ့စရိုက်လေးတွေနဲ့သူ မတူ ကြဘူး။ စရိုက်ကလေးချင်း တူတယ်၊ ဝါသနာချင်း တူတယ်လို့ ပြောရမယ်။ ဘယ်လို ဝါသနာတူတာတုန်း ဆိုတော့ အနာထပိဏ်သူဌေးကလည်း အများအကျိုး ကို သိပ်ပြီးတော့ လုပ်ချင်တာ။ သဒ္ဓါတရား အလွန်

ကောင်းတယ်။ ကျွေးချင်တယ် မွေးချင်တယ်။ ဗုဒ္ဓဘာသာ မဖြစ်ခင်ကတည်းက သူက **အနာထပိဏ္ဍိက**။ စားစရာ သောက်စရာမရှိတဲ့ပုဂ္ဂိုလ်တွေကို ကျွေးမွေးစောင့်ရှောက်လာတာ။ ဗုဒ္ဓဘာသာဖြစ်မှ လုပ်တာ မဟုတ်ဘူး။ ဗုဒ္ဓဘာသာ မဖြစ်ခင်ကတည်းက သူက လျှုတန်းလာတဲ့ပုဂ္ဂိုလ်။ အများပေါ်မှာ အလွန် မေတ္တာထားတဲ့ပုဂ္ဂိုလ်လို့ ဒီလိုပြောလို့ရတယ်။

အရှင်သာရိပုတ္တရာလည်း ထို့အတူပဲ။ မေတ္တာ အင်မတန်ကြီးတယ်။ အရှင်သာရိပုတ္တရာက ဘုရားရဲ့ အကြီးဆုံးတပည့်ပဲ။ သံဃာတွေထဲမှာ သူက ရာထူး အကြီးဆုံးလို့ ပြောရမယ်။ သို့သော် ငါ ရာထူးအကြီးဆုံးဆိုပြီး ဘယ်တော့မှ အခွင့်အရေး မယူဘူး။ ဆွမ်းခံသွားရင် နောက်ဆုံးမှသွားတယ်။ ကျောင်းထဲကို ဆွမ်းခံသွားခါနီး လှည့်ပတ်ကြည့်တယ်။ တံမြက်စည်း မလှည်းရသေးတဲ့နေရာဆို လှည်းထားခဲ့တယ်။ ရေအိုးတွေဖွင့်ကြည့်တယ် ။ ရေမခပ်ရသေးဘူး ခပ်ထားခဲ့တယ်။ ရေဖြည့်ထားခဲ့တယ်။ ရေအိုးစင်တွေ အကုန်လိုက်ကြည့်

တယ်။ သက်န်းတွေ ဘာတွေ မခေါက်ဘဲနဲ့ထားရင် အရှင်သာရိပုတ္တရာက ခေါက်ပြီးသိမ်းပေးထားခဲ့တယ်။ အဲဒီလောက်ထိအောင် အားလုံးအပေါ် မှာငဲ့ညှာတယ်။

နောက်ဆုံးမှာ ဆွမ်းခံမထွက်နိုင်လို့ နေမကောင်း ထိုင်မသာဖြစ်နေတဲ့ ကိုယ်တော်တွေတွေ့ရင် ဝင်မေး တယ်။ ဘာစားချင်တုန်းနော် ဘာဘုန်းပေးချင်တုန်း ဆိုပြီးတော့ ဆွမ်းခံလို့ရတာလေးတွေ ယူလာပြီးတော့ အဲဒီကိုယ်တော်ကို ကျွေးတာနော်။ အဲဒီလိုထိအောင် အရှင်သာရိပုတ္တရာက စောင့်ရှောက်တာ။ ဒါကြောင့်မို့ အရှင်သာရိပုတ္တရာနဲ့ အနာထပိဏ်သူဌေးတို့ဆိုတာ ဝါသနာ အင်မတန်တူတယ်လို့ ပြောရမယ်။

ဝါသနာ အင်မတန်တူလို့ ဓာတ်တူ နာမ်တူ ဖြစ်သည့်အတွက်ကြောင့် အနာထပိဏ် သူဌေးက အလွန်ပဲ အရှင်သာရိပုတ္တရာကိုကြည်ညိုတယ်။ ဘုရား ဆီ ရောက်ပြီးရင် အရှင်သာရိပုတ္တရာဆီ မရောက်ဘဲနဲ့ မသွားဘူး။ နေမကောင်းတော့ ဘုရားကို မပင့်ခိုင်းဘူး။ အရှင်သာရိပုတ္တရာကို ပင့်ခိုင်းတာ။ သူ နေမကောင်း

နေလို့ သူ့ကို ငဲ့ညှာပြီးတော့ အိမ်ကို ကြွပေးပါဆိုပြီး အရှင်သာရိပုတ္တရာကို ပင့်တာ။ အဲဒီလောက်ထိအောင် ရင်းနှီးတာ။

နောက်ဆုံး သေသွားတဲ့အခါ ကျတော့လည်း "အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ ပညာအရာမှာ အထူးချွန်ဆုံး" ဆိုတဲ့စကားကို အမြဲတမ်း ထည့်ထည့် ပြောလေ့ရှိတယ်။ အရှင်အာနန္ဒာတို့က ဒီစကားပြောတဲ့ နတ်ဟာ တခြားသူမဟုတ်နိုင်ဘူး။ အနာထပိဏ်သူဌေး ပဲဖြစ်ရမယ်။အနာထပိဏ်သူဌေးက အရှင်သာရိပုတ္တရာ ကို သိပ်ကြည်ညိုတယ်။

အဲတော့ အနာထပိဏ်သူဌေးက ဓမ္မအမြင်နဲ့ ပတ်သက်ပြီးတော့ သူ့ရဲ့အမြင်ကို ရှင်းလင်းပြောကြား သွားတာဟာ နောင်လူနောင်သား ဗုဒ္ဓဘာသာဝင်တို့ အတွက် အဖြေပေးစရာတစ်ခုဖြစ်တယ်။ ဗုဒ္ဓဘာသာ ရဲ့အမြင်က ဘာလဲ၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့ အမြင်က ဘာလဲလို့ မေးမယ်ဆိုလို့ရှိရင် သူဖြေတဲ့ အဖြေဟာ အင်မတန်မှ တိကျမှန်ကန်တဲ့ ဓမ္မအမြင်ပဲ

ဖြစ်တယ်ပေ့ါ။ အဲဒီအဖြေမျိုး ဖြေနိုင်အောင် ဘုန်းကြီးတို့တတွေ မှတ်သားနာယူကြရမှာ ဖြစ်တယ်ပေ့ါ။

## ကိံဒိဋ္ဌိကသုတ်

မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတယ်။ သီတင်းသုံးနေတဲ့အချိန် အနာထပိဏ်သူဌေးကြီးက နေမွန်းတည့်တဲ့အချိန် (နေ့လယ်အချိန်ကို စာပေကျမ်းဂန်မှာ **'ဒိဝါ ဒိဝဿ'** လို့ပြောတာ။ တကယ့်ကို နေ့ရဲ့နေဆိုတာ ၁၂ နာရီ ပေ့ါနော်။) ဘုရားကျောင်းကိုသွားဖို့ ဆန္ဒရှိတယ်။ သူက မနက်တစ်ချိန် သွားပုံရတယ်၊ နေ့ကို သွားပုံရတယ်။ ညနေကို သွားတယ်။ သုံးခါသွားတယ်ပေ့ါ။ မနက်ပိုင်း သွားတယ် နေ့ပိုင်းသွားတယ် ညနေပိုင်းသွားတယ်။ တစ်နေ့သုံးကြိမ် ဘုရားကျောင်းသွားတယ်။

တစ်ရက်တော့ အဲဒီနေ့လယ်အချိန် မြို့ကထွက်ပြီး ဇေတဝန်ကျောင်းဘက်ကို သွားတယ်။ သွားရင်း သူ စဉ်းစားမိတယ် 'ဩော် ဒီအချိန်မှာ မြတ်စွာဘုရားဟာ

တစ်ပါးတည်း ကိန်းအောင်းနေတယ်’။ (ကိန်းအောင်း နေတယ်ဆိုတာ ကျိန်းနေတာကိုပြောတာမဟုတ်ဘူး) ခုခေတ်ကတော့ အဲဒီစကားလုံးကိုယူပြီးတော့‘ဘုန်းကြီး ကျိန်းနေတယ် ကျိန်းနေတယ်’ ဆိုတာ လူတွေက ဘာ ထင်တုန်းဆိုတော့ အိပ်နေတယ်လို့ပဲ ထင်တာနော်။ ဘုန်းကြီးပဲ တစ်နေကုန် အိပ်နေရင် ဘယ်ဟုတ်မတုန်း။ အဲတော့ **“ပဋိသလ္လာန”** ဆိုတဲ့ စကားကို ကြည့်ပြီး တစ်ပါးတည်း ကိန်းအောင်းတယ်လို့ဆိုတာ တစ်ခုခု လုပ်နေမယ်။ မြတ်စွာဘုရားဆိုရင် ဈာန်ဝင်စားနေမယ်၊ ဖလသမာပတ် ဝင်စားနေမယ်၊ တစ်ခုခု တရားနဲ့ နေတာကို ဆိုလိုတယ်။ အဲဒါကို “ကိန်းအောင်းတယ်” လို့ ဒီလိုပြောတာနော်။

မြန်မာစာပေမှာလည်း အဓိပ္ပါယ်ပြန်ရင် ပြန်တတ်ဖို့ လိုတယ်။ ‘ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ’ ဆိုတာ ကြားဖူးကြလိမ့်မယ်၊ စာထဲမှာ ရေးတဲ့အခါ ကိန်းအောင်းမွေ့လျော် စံပျော် တော်မူသောအခါဆိုတာ ဇေတဝန်ကျောင်းပေါ်မှာ

ကျိန်းနေတာကိုပြောတာ မဟုတ်ဘူး။ ဇေတဝန်ကျောင်းမှာ နေပြီးတော့ သမာပတ်တွေ ဝင်စားနေတယ်။ ကမ္မဋ္ဌာန်းထိုင်နေတယ်။ ကမ္မဋ္ဌာန်းနှလုံးသွင်းနေတယ်။ တရားနှလုံးသွင်းနေတယ်။ အဲဒါကို ကိန်းတယ်လို့ခေါ်တာ။ အဲဒီ ကိန်းနေတယ်ဆိုတဲ့ စကားလုံးက ဘယ်ကရလာတာတုန်းဆိုတော့ “**ပဋိသလ္လာန**” ဆိုတဲ့ စကားလုံးကရတာ။

“**ပဋိသလ္လာန**” ဆိုတဲ့ စကားလုံးကို ကိန်းအောင်းတယ်လို့ မြန်မာကပြန်တာ။ မူရင်းအဓိပ္ပါယ်က ဘယ်လိုအဓိပ္ပါယ်ရတုန်းဆို ‘**ပဋိ**’ ဆိုတာ ထိုထိုအာရုံသို့ ပြေးသွားနေတဲ့စိတ်ကို ထိုထိုအာရုံမှ ရုပ်သိမ်းနောက်ဆုတ်ပြီး ‘**လီန**’ - အာရုံတစ်ခုတည်းပေါ်မှာ ငြိမ်အောင်ထားလိုက်တာ။ ဒီလို အဓိပ္ပါယ်ရတာ။ အဲတော့ ကမ္မဋ္ဌာန်း နှလုံးသွင်းနေတဲ့ အဓိပ္ပါယ်ပေါ့။ ဆိုပါစို့- ဘုန်းကြီးတို့တတွေရဲ့စိတ်ဟာ ဒီအတိုင်းလွှတ်ထားကြည့်ပါလား။ တောင်တွေး မြောက်တွေးတွေးနေမှာပေါ့။ မြင်ရင် မြင်တဲ့ဆီ ရောက်သွားလိုက်၊

ကြားရင် ကြားတဲ့ဆီ ရောက်သွားလိုက်၊ အနံ့ရရင် အနံ့ရတဲ့ဆီ ရောက်သွားလိုက်နော်။ ဘာမှ မရရင်လည်း ဟိုတွေးဒီတွေး တွေးနေတယ်။ စိတ်က လျှောက်ပြေးနေတာ။

အဲဒီလို ပြေးနေတဲ့စိတ်ကို ထိုထိုအာရုံတွေသို့ မသွားရအောင် နောက်ဆုတ်လိုက်ပြီး အာရုံတစ်ခုတည်းပေါ်မှာ ရပ်သွားအောင်လုပ်လိုက်တာ။ ထွက်လေဝင်လေ မှတ်နေရင်လည်း ကိန်းအောင်းတယ်လို့ ဒီလိုပြောတာနော်။ စိတ်ကလေးဟာ အာရုံတစ်ခုတည်းပေါ်မှာ ကိန်းသွားအောင်၊ စိတ်ကလေးဟာ အာရုံတစ်ခုတည်းပေါ်မှာ အောင်းနေအောင် လုပ်လိုက်တာ။ ဒီလိုဆိုတာ။

ကဲ ဘုန်းကြီးတို့တတွေ တစ်နေ့မှာဘယ်နှကြိမ်များ အောင်းကြတုန်းနော်။ ဘယ်နှကြိမ်များ ကိုယ့်စိတ်ကို အာရုံလေးပေါ်မှာ အောင်းထားနိုင်တုန်း။ ဘုရားရဟန္တာတွေကတော့ အားပြီလို့ဆိုတာနဲ့ တပြိုင်နက် **"ပဋိသလ္လာန"** နောက်ဆုတ်ပြီးတော့ အာရုံတွေ

မသွားရအောင် စိတ်ကလေးကို ဖမ်းချုပ်လိုက်ပြီး ကိုယ်လိုချင်တဲ့ အာရုံ (နိဗ္ဗာန်အာရုံပဲ ဖြစ်စေ၊ သမထကမ္မဋ္ဌာန်းအာရုံပဲ ဖြစ်စေ၊ ဝိပဿနာကမ္မဋ္ဌာန်း အာရုံတစ်ခု) အာရုံတစ်ခုခုပေါ်မှာ ပို့လွှတ်ပြီး အဲဒီ အာရုံနဲ့နေတာကို ကိန်းအောင်းတယ်လို့ ဒီလိုပြောတာ။ အဲတော့ အဓိပ္ပါယ်အမှန်သိဖို့ လိုအပ်တယ်ပေါ့။

အဲတော့ အနာထပိဏ်သူဌေးက စဉ်းစားတယ် 'ဒီအချိန်ဟာ မြတ်စွာဘုရား ကိန်းအောင်းနေသေးတယ်၊ သမာပတ်ဝင်စားနေတယ်။ ဘုရားဖူးဖို့ အချိန်မဟုတ်သေးဘူး"။ ဆိုလိုတာက အေး ဒီအချိန်ဟာ ဘုရားသွားဖူးဖို့ မတော်သေးဘူး၊ သမာပတ်ဝင်စားနေတယ် ဒီလို ပြောတာနော်။ သမာပတ်ဝင်စားနေတဲ့ အချိန်ဖြစ်တယ်။ သူ့အချိန်နဲ့သူ အလုပ်လုပ်ကြတာကိုး။ တစ်ခါ **မနောဘာဝနိယ** – ကုသိုလ်စိတ်ကို တိုးပွားတိုးတက်စေတတ်တဲ့ ရဟန္တာအရှင်မြတ်တွေကို သွားဖူးဖို့ဆိုတာလည်း အချိန်မဟုတ်သေးဘူး။ ဘာလို့တုန်းအားလုံးဟာ ကိုယ့်ကမ္မဋ္ဌာန်းကိုယ် နှလုံးသွင်းပြီး

အေးအေးချမ်းချမ်းနေတဲ့အချိန်ဖြစ်တယ်။ သွားတွေ့လို့ မတော်သေးဘူး။ ဒါ သူ့စဉ်းစားပုံမျိုးကို ပြောတာနော်။

အဲဒီလို ဇေတဝန်ကျောင်းဘက် ထွက်လာပြီး ဘုရားနဲ့တွေ့ဖို့ အချိန်မဟုတ်သေးဘူး။ ရဟန်းသံဃာတွေနဲ့တွေ့ဖို့ အချိန်မဟုတ်သေးဘူးဆိုပြီး လမ်းခုလတ်မှာ အချိန်လေးပိုနေလို့ ဘယ်ကိုဝင်လိုက်တုန်းဆိုတော့ ပရိဗိုဇ်တွေနေတဲ့ ကျောင်းထဲကို ဝင်သွားတယ်။ ပရိဗိုဇ်ဆိုတာ **ပရိဗ္ဗာဇက** ဆိုတဲ့ စကားလုံးကလာတာ။ မြန်မာမှာ အသုံးနှစ်ခုရှိတယ်။ ပရိဗိုဇ်နဲ့ ပုရပိုက်၊ မှန်အောင်ရေးဖို့လိုတယ်နော်။ 'ပုရပိုက်' လို့ရေးတာက ပေပုရပိုက် စာရွက်တွေကို အချိုးကျ ခေါက်ထားတဲ့ဟာကို ခေါ်တယ်။ အဲဒါက တစ်မျိုးနော်။ ဗလာစာအုပ်တွေ မပေါ်ခင်က စက္ကူကို အပြန်ပြန်အလှန်လှန် ခေါက်ထားတာကို ပုရပိုက်လို့ ခေါ်တယ်။ အဲဒီ ပုရပိုက်ဆိုတာ အနက်ရောင်၊ အဖြူရောင်လည်း ရှိတော့ရှိတယ်။ များသောအားဖြင့် အနက်ရောင်ပေါ်မှာ ကန့်ကူဆံနဲ့ ရေးရတယ်။ ပုရပိုက်ကို မြင်ဖူးချင်လို့ရှိရင်တော့ ပြတိုက်

တွေကို သွားကြည့်ရမယ်။ ဈေးတုန်းက ပုရပိုက်ဆိုတာ ရှိတယ်ပေါ့။ အဲဒါက ပုရပိုက်တစ်ခု။

အခုပြောတဲ့ ပရပိုဇ်က **ပရိဗ္ဗာဇက** မှလာတာ။ ပရိဗ္ဗာဇက ကို အင်္ဂလိပ်လို Wanderer လို့ ပြန်တယ်။ လျှောက်သွားနေသူ။ လျှောက်သွားပြီးတော့ ဟိုဟာ ပြော ဒါပြော၊ ဟိုဟာငြင်း ဒါငြင်း။ အဲဒီလို အယူဝါဒ တွေ သင်ယူပြီးတော့ အငြင်းအခုံအင်မတန်မှများတယ်၊ သစ္စကတို့လို ပရိပိုဇ်တွေပေါ့နော်။ ပရိပိုဇ်တွေဟာ မြတ်စွာဘုရားလက်ထက်မှာ အင်မတန်မှ များတယ်။ အရှင်သာရိပုတ္တရာတို့ အရှင်မောဂ္ဂလ္လာန်တို့လည်းပဲ မြတ်စွာဘုရားဆီ မရောက်ခင်က သူတို့လည်း ပရိပိုဇ် တွေပဲ။

**ပရိဗ္ဗာဇက** မှာ **ပရိ–** ဆိုတာ ပတ်ဝန်းကျင်ကို၊ **ဗာဇက –** လှည့်ပတ်သွားလာနေတဲ့ ပုဂ္ဂိုလ်မျိုးတွေ။ ဘာသာရေးဂိုဏ်းတစ်ဂိုဏ်းလို့ ပြောရမှာ။ သူတို့ရဲ့ ခေါင်းဆောင်က ဘယ်သူတုန်းဆိုလို့ရှိရင် **သဉ္စယ– ဗေလဋ္ဌပုတ္တ**။ မြန်မာတွေမှာတော့ သိဉ္စည်းဆရာကြီးလို့

သိကြတယ်။ မြန်မာစာပေထဲမှာ သိဥ္စည်းဆရာဆိုတာ တိတ္ထိကြီး ခြောက်ယောက်ထဲမှာ ပါတယ်။ အဲတော့ ပါဠိလို ခေါ်တဲ့အခါမှာ **သဉ္စယ** လို့ ခေါ်တယ်နော်။ သဉ္စယပရိဗိုဇ်ကြီးဟာ ပရိဗိုဇ်တွေရဲ့ ခေါင်းဆောင်ပဲ ပေါ့။ သို့သော် ပရိဗိုဇ်တွေမှာ ဂိုဏ်းကွဲတွေ အများကြီး ရှိပုံရတယ်။ အားလုံးဟာ သူ့တပည့်လို့တော့ ပြောလို့ မရဘူး။ သို့သော် အများဆုံးကတော့ သူ့ဆီမှာ နေကြ တာ။

ပရိဗိုဇ်တွေဟာ လွတ်လပ်ပုံရတယ်။ တချို့က ပရိဗိုဇ်ဝတ်နဲ့ပဲ ဗုဒ္ဓဘာသာ ဖြစ်နေတာရှိတယ်။ မြတ်စွာ ဘုရားကိုကြည်ညိုတဲ့ပရိဗိုဇ်တွေလည်းရှိတယ်။ မြတ်စွာ ဘုရားကို ဆန့်ကျင်တဲ့ပရိဗိုဇ်တွေလည်း ရှိတယ်။ သူတို့ ကတော့ အယူဝါဒတစ်ခုကို ဆွဲကိုင်ပြီး ငြင်းကြခုံကြတဲ့ ပုဂ္ဂိုလ်မျိုးတွေပဲ။ ခုခေတ်လိုဆိုရင် “ဒဿန”သမားတွေ ပေါ့။ ဒဿနသမားတွေ သူ့အမြင် ကိုယ့်အမြင်နဲ့ ငြင်းကြတယ် ခုံကြတယ်။

အနာထပိဏ် သူဌေးကြီး ပရိဗိုဇ်ကျောင်းထဲကို ဝင်လာတဲ့အချိန်မှာ အဆောက်အဦးတစ်ခုမှာ ပရိဗိုဇ် တွေစုပြီး ဆူညံစွာ စကားပြောနေကြတယ်တဲ့။ ဆူဆူ ညံညံနဲ့ ငြင်းကြခုံကြတယ်၊ အရပ်ထဲက ကာလသား တွေလိုပေါ့။ အနာထပိဏ်သူဌေးကြီး ဝင်လာတာလဲ မြင်ရော တစ်ယောက်တစ်ယောက် ရှူးရှူးလုပ်ပြီး တိတ်တိတ်နေဖို့ ပြောကြတယ်။

"တိတ်တိတ်နေကြ တိတ်တိတ်နေကြ၊ ဟိုမှာ အနာထပိဏ်သူဌေး လာနေပြီ။ အနာထပိဏ်သူဌေး ဆိုတာ ဂေါတမဘုရားရဲ့တပည့် တကယ့်အရင်းအချာ ကျောင်းဒါယကာကြီး ဖြစ်တယ်။ ဂေါတမဘုရားရဲ့ တပည့်တွေဟာ တိတ်တိတ်နေတာ အင်မတန်မှ ကြိုက် တယ်။ သူတို့ဘုရားကိုယ်တိုင်ကလည်း တိတ်တိတ်နေဖို့ အမြဲတမ်းဆုံးမတယ်။ သူတို့ကလည်းပဲ တိတ်တိတ် နေတာ အင်မတန်မှကြိုက်တယ်။ တိတ်တိတ်နေမှ သူ တို့ဆီလာမှာ။ ဒီလို ဆူဆူပူပူ ဆူညံဆူညံနဲ့ စကား ပြောနေရင် သူ တို့ဆီလာမှာမဟုတ်ဘူး"

အနာထပိဏ်သူဌေးကိုလဲ မြင်လိုက်ရော တစ်ခါ တည်း မီးကိုရေနဲ့ငြိမ်းလိုက်သလို ငြိမ်ကျသွားတယ်။ အရှိန်သတ်လိုက်ကြတာနော်။ ဒါက ဖြစ်ရိုးဖြစ်စဉ်ပဲ။ မြတ်စွာဘုရားက တိတ်ဆိတ်ငြိမ်သက်မှုကို အလွန် ကြိုက်တယ်။ ဆူဆူညံညံလုပ်ရင် မကြိုက်ဘူး။ (အဲဒါ ဗုဒ္ဓဘာသာဝင်တွေ သတိထားဖို့တော့ ကောင်းတယ် ပေါ့နော်) မြတ်စွာဘုရား အင်မတန်မှ တိတ်ဆိတ်တာကို ကြိုက်တယ်။ ဒါကြောင့်မို့ တိတ်ဆိတ်ငြိမ်သက်မှုကို ဦးစားပေးလေ့ရှိတယ်။

တိတ်ဆိတ်ငြိမ်သက်မှုကို မြတ်စွာဘုရား ကိုယ် တိုင်က ကြိုက်တယ်ဆိုတဲ့အကြောင်း၊ မြတ်စွာဘုရား တပည့်သာဝကတွေက ကြိုက်တယ်ဆိုတဲ့အကြောင်းကို တခြားဘာသာဝင်တွေကပါ သိကြတယ်ပေါ့နော်။ ဒီ **တိတ်ဆိတ်ငြိမ်သက်မှုဟာ အသိဉာဏ်ကို ဖွံ့ဖြိုးစေ နိုင်တယ်**တဲ့။ **ဆူညံမှုက အသိဉာဏ်ကို မဖွံ့ဖြိုးစေနိုင်ဘူး** တဲ့၊ ဒီလိုဆိုလိုတာနော်။

အဲတော့ မြန်မာပြည်က လူတွေက ဘာ့ကြောင့် ဆူညံမှုကို ကြိုက်နေကြတယ်မသိဘူး။ အသံချဲ့စက်ကြီး တွေနဲ့ ဆူညံမှုတွေ တော်တော်များတယ်နော်။ ဟို နိုင်ငံခြားတိုင်းပြည်တွေမှာ (အမေရိကတို့ အင်္ဂလန်တို့ နိုင်ငံတွေမှာ) တိတ်ဆိတ်နေတာပဲ၊ ငြိမ်သက်နေတာပဲ။ ဘယ်နေရာ တရားအားထုတ်ထုတ် ရနိုင်တဲ့ အနေ အထားမျိုးရှိတယ်။ ဆူညံတာမလုပ်ကြဘူး။ သို့သော် တိတ်ဆိတ်ငြိမ်သက်မှုကို ဗမာပြည်က မကြိုက်ဘူး၊ ဆူညံတာကို ကြိုက်တဲ့သဘော ဖြစ်နေတယ်။ အဲတော့ တိတ်ဆိတ်ငြိမ်သက်တာဟာ အင်မတန်မှကောင်းတယ် တဲ့။

ဆူတာညံတာကို Noise-pollution လို့ခေါ်တယ်။ လောကမှာ ကျန်းမာရေးထိခိုက်တဲ့ အရာတွေရှိတယ်။ Air-pollution ကလည်း ကျန်းမာရေးကို ထိခိုက်စေ တယ်၊ ညစ်ညမ်းတဲ့လေတွေကို ရှူရှိုက်ရရင် ကျန်းမာ ရေး ထိခိုက်တယ်။ Water-pollution ရေညစ်ညမ်းတာ ကို သောက်သုံးလို့ရှိရင် ကျန်းမာရေး ထိခိုက်တယ်။

ဒီနှစ်ခုတော့ အများအားဖြင့် သိကြတယ်။ ဆူညံလို့ ရှိရင်လည်း ကျန်းမာရေးကို ထိခိုက်တယ် Noise-pollution လို့ ခေါ်တယ်။ ခု နောက်တစ်ခု pollution တစ်ခု ထပ်ထည့်ရမယ်။ ဘာတုန်းဆိုတော့ Light-pollution တဲ့ နော်။ နေ့ရောညရော လျှပ်စစ်မီးကြီးတွေ ထိန်ထိန်ညီးတွေ ထွန်းထားတဲ့အခါကျတော့ Light-pollution ဖြစ်လာတယ်။ ဗမာပြည်ကတော့ လွတ်ကင်းပါတယ်။ အမှောင်ကလေးတွေ မြင်ရသေးတယ်။ ဗမာပြည်မှာတော့ Light-pollution တော့ မရှိဘူး၊ Noise-pollution တော့ရှိတယ်။

အနာထပိဏ် သူဌေးကြီးလာတာ မြင်လည်း မြင်လိုက်ရော "ဟော့ တိတ်တိတ်နေကြ၊ တိတ်တိတ်နေကြ၊ သူဟာ တိတ်ဆိတ်မှုကို ကြိုက်တယ်။ ရဟန်းဂေါတမရဲ့တပည့်တွေထဲမှာ သူဟာ ထင်ရှားတဲ့တပည့် ဖြစ်တယ်ပေါ့။ တိတ်ဆိတ်မှုကို ကြိုက်တဲ့ တပည့် ဖြစ်တယ်။ အဲဒါမှ တို့ဆီကို လာလိမ့်မယ်" လို့ပြောပြီး ငြိမ်နေလိုက်ကြတာ။ အနာထပိဏ်သူဌေးက ရောက်

သွားတယ်။ သူတို့ အသိုင်းအဝိုင်းထဲမှာ ထိုင်တယ်။ ဝိုင်းပြီးမေးခွန်းတွေ မေးကြတာပေါ့။

## ပရိဗိုဇ်တို့ မေးခွန်းများ

ပရိဗိုဇ်ဆိုတာ မေးခွန်းတွေ အင်မတန်မှ မေးချင်ကြတဲ့လူတွေ။ အနာထပိဏ်သူဌေးကြီးကို ဝိုင်းမေးကြတာ။ **"ကိံ ဒိဋ္ဌိကော သမဏော ဂေါတမော?** ပြောစမ်းပါဦး သူဌေးကြီး၊ ရဟန်းဂေါတမရဲ့ အမြင်ဟာ ဘယ်လိုလဲ" နော်။ မေးတာကိုက ရဟန်းဂေါတမရဲ့ အမြင်၊ ခုခေတ်လို ပြန်မယ်ဆိုရင် ရဟန်းဂေါတမရဲ့ ဖီလိုဆိုဖီ (Philosophy)ကို ပြောစမ်းပါဦးပေါ့။ ရဟန်းဂေါတမရဲ့ အတွေးအခေါ် ဖီလိုဆိုဖီက ဘာလဲပေါ့။

သူတို့က မြတ်စွာဘုရားကို ရဟန်းဂေါတမလို့ ခေါ်တာနော်။ ဗုဒ္ဓဘာသာတွေကတော့ ဘယ်တော့မှ ရဟန်းဂေါတမလို့ မခေါ်ဘူး။ **"ဘဂဝါ"** လို့ ခေါ်တယ်။ ဒီ **"ဘဂဝါ"** ဆိုတဲ့ စကားလုံးက အိန္ဒိယပြည်မှာ Respect ဖြစ်တဲ့ပုဂ္ဂိုလ်တွေကို သုံးတဲ့စကားလုံး။ ကနေ့

ခေတ်ထိအောင် သုံးတယ်နော်။ **"ဘဂဝါ"** ဆိုတာ ဂုရုကြီးပဲ၊ အမှန်ကတော့ လေးစားလောက်တဲ့ ပုဂ္ဂိုလ်။

အနာထပိဏ်သူဌေးကပြောတယ် "မြတ်စွာဘုရားရဲ့ အမြင်အားလုံးကို သူ မသိပါဘူး" တဲ့။ မြတ်စွာဘုရားရဲ့ ဒဿနကို ပြောပါစမ်းဆိုတော့ သူ မသိပါဘူးလို့ ပြောတယ်။ "အေး၊ ရဟန်းဂေါတမရဲ့အမြင်ကို မသိဘူးဆိုလို့ရှိရင် ရဟန်းတွေက ဘယ်လိုမြင်လဲ။ ရဟန်းတွေရဲ့ အမြင်ပြောစမ်းပါ" ဂေါတမဗုဒ္ဓရဲ့ တပည့်သာဝက ရဟန်းတွေရဲ့အမြင် ပြောစမ်းပါဆိုတော့ အဲဒါလည်း သူက ငြင်းလိုက်တယ်။ "ရဟန်းတွေရဲ့အမြင်ကိုလည်း သူ မသိပါဘူး" တဲ့။ ဒါက အတော်မှန်ကန်တယ်လေ။ သူပြောရင် လွဲသွားနိုင်တာပေါ့။ အဲတော့ သူ မဖြေဘူး။ ကိုယ့်အမြင် မဟုတ်ဘူးလေ။

ရဟန်းတွေရဲ့အမြင်လည်း သူ မသိပါဘူးဆိုတော့ ဟိုကမေးကြတယ် "ဩော် ဒီလိုလား၊ ရဟန်းဂေါတမရဲ့ အမြင်ကိုလည်း မသိဘူးလို့ပြောတယ်၊ ရဟန်းသံဃာ

တွေရဲ့ အမြင်ကိုလည်း မသိဘူးလို့ ပြောတယ်။ ဒါဖြင့် သင့်အမြင်ကို ပြောစမ်းပါ” တဲ့။ အနာထပိဏ်သူဌေးကလည်း လိမ္မာပါးနပ်တယ်။ “အရှင်ဘုရားတို့တဲ့၊ တပည့်တော်ရဲ့ အမြင်ကို ပြောဖို့လွယ်ပါတယ်တဲ့။ အရှင်ဘုရားတို့ရဲ့ အမြင်တွေ အယူအဆတွေ ဒဿနတွေကို အရင်ပြောပါတဲ့။ အရှင်ဘုရားတို့ ပြောပြီးတဲ့ အခါမှ တပည့်တော်ရဲ့ အမြင်ကို ပြောပါမယ်” တဲ့။

သူတို့ဆီက အမြင်ကို အရင်ဆုံး နှိုက်ထုတ်ပစ်လိုက်တာ။ သူ့အမြင်ကို မပြောဘူး။ အဲတော့ သူတို့အမြင်တွေ ဘာတွေရှိတုန်းဆိုတာကို အရင်သိချင်တာ။ ဒါ စကားပြောလိမ္မာတယ်လို့ ခေါ်တာပေါ့။

သူတို့အမြင်ကို အရင်ပြောခိုင်းလိုက်တယ်။ သူတို့အမြင်ကို အရင်ပြောခိုင်းလိုက်တော့ ပရိဗိုဇ်တစ်ယောက်က (ပရိဗိုဇ်တွေဟာ တစ်ဦးနဲ့တစ်ဦး အမြင်ချင်း မတူကြဘူး။) ဘာပြောတုန်းဆိုတော့ **‘သဿတော လောကော ဣဒမေဝ သစ္စံ၊ မောဃမညံ’** လို့ပြောတယ်။ အိန္ဒိယနိုင်ငံမှာ အဲဒီခေတ်တုန်းက

ဒသသနအမြင် ၁၀-မျိုးဟာ သိပ်ခေတ်စားတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့သာ ဆွေးနွေးနေကြတာ။ သူ့အမြင်က "လောကကြီးက ထာဝရ မြဲတယ်" တဲ့။

လောကကြီးလို့ဆိုတာ ဘာပြောတုန်းလို့ဆိုတော့ သတ္တဝါတွေကိုပြောတာနော်။ သတ္တဝါတွေဟာ သေပြီး လျှင်လည်း ထပ်ဖြစ်တယ်၊ ထာဝရမြဲတယ်။ ဆိုလိုတာက သတ္တဝါတွေရဲ့ သန္တာန်မှာရှိတဲ့ ဝိညာဉ်လေးဟာ ခန္ဓာကိုယ်တစ်ခုကနေ ခန္ဓာကိုယ်တစ်ခု ပြောင်းပြီး နေတာ။ လောကကြီးဟာ ဘယ်တော့မှ ပျက်စီးမသွားဘူး။ သတ္တဝါတွေဟာ တစ်ဘဝကနေ တစ်ဘဝ ပြောင်းပြီးတော့ ဝင်စားနေတာ။ ထာဝရ မြဲတယ်လို့။ "**ဣဒမေဝ သစ္စံ–** ဒီအမြင်သာ အမှန်ပဲ၊ **မောဃမညံ–** ကျန်တာတွေဟာ အလကား အမှားတွေချည်းပဲ" လို့နော်။ View ဆိုတာ အဲဒီအတိုင်းပဲ။ သူ့ဟာပဲလက်ခံတယ်။ ကျန်တာ လက်မခံဘူး ပယ်ချတယ်။

ကဲ ဒါဖြင့် သူက အဲဒီလို ပြောလိုက်တဲ့အခါ ကျန်တဲ့ ပရပိုဇ်တစ်ယောက်က ထပြောပြန်ရော

"မဟုတ်ဘူးဟော့ လောကကြီးဆိုတာ မမြဲဘူး" တဲ့။ ကဲ ကြည့်- ဆန့်ကျင်ဘက်နော်။ ခုနက ပရိဗိုဇ်တစ်ယောက်က မြဲတယ်လို့ပြောတယ်။ နောက်တစ်ယောက်က ပြောတယ် "**အသဿတော လောကော**- လောကကြီးက မမြဲဘူးတဲ့။ **ဣဒမေဝ သစ္စံ၊ မောဃမညံ**-ဒါသာအမှန်၊ တခြားဟာ အလကား အမှားပဲ။"

နောက်တစ်ယောက်က ပြောပြန်ရော "**အန္တဝါ အယံ လောကော** - လောကကြီးဟာ အဆုံးအပိုင်းအခြားရှိတယ်" အကန့်အသတ်ရှိပါတယ်။ အဆုံးအပိုင်းအခြား အကန့်အသတ်ရှိပါတယ်။ နောက်တစ်ယောက်က ပြောပြန်တယ်- "**အနန္တဝါ လောကော**- လောကကြီးက အဆုံးအပိုင်းအခြားမရှိဘူး၊ အကန့်အသတ် မရှိဘူး"

ဒါက သူတို့ရဲ့ ဈာန်ကျင့်စဉ်တွေကို ကျင့်တဲ့အထဲမယ် အာရုံထဲမှာ ပေါ်လာတဲ့ ကသိုဏ်းနိမိတ်တွေကို သူတို့က လောကလို့ ခေါ်ဝေါ်ပြောဆိုတဲ့စကားတဲ့။ သူတို့က ချဲ့ချင်တိုင်း ချဲ့လိုက်တယ်။ သူတို့အာရုံကို

ချဲ့လိုက်တဲ့အခါ မဆုံးနိုင်လို့ မဆုံးနိုင်တာကို တွေ့ရတဲ့ ပုဂ္ဂိုလ်က အဆုံးမရှိဘူးလို့ ပြောတယ်။ နည်းနည်းပဲ ချဲ့တဲ့ပုဂ္ဂိုလ်က အဆုံးရှိတယ်လို့ ပြောပြန်တယ်။ ဒါကြောင့်မို့ သူ့အမြင် ကိုယ့်အမြင် မတူဘူးနော်။

သူမြင်တာက လောကလို့ဆိုတဲ့ ဒီကသိုဏ်း အာရုံ နိမိတ်ကြီးဟာ အဆုံးအပိုင်းအခြား ရှိတယ်လို့ ဒီလို မြင်တယ်။ နောက်တစ်ဦးကျတော့ အဲလို မမြင်ဘူး၊ အဆုံးအပိုင်းအခြား မရှိဘူး၊ သူ့ဟာသာ အမှန်လို့ ဒီလိုပြောတယ်။ ဒါ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုလုပ် တူနိုင်မှာလဲ။ မတူနိုင်ဘူးလေ။

ဟော နောက်တစ်ယောက်က ပြောပြန်တယ်။ ဘာပြောတုန်းဆို "**တံ ဇီဝံ တံ သရီရံ**" တဲ့ - ကြည့် လူတွေမှာ အသက်နဲ့ကိုယ် နှစ်ခုရှိတယ်နော်။ အရပ် ပြောမှာ နှစ်ခုရှိတယ်။ body နဲ့ life ပေါ့၊ အသက်နဲ့ ခန္ဓာကိုယ်၊ အဲဒါကို ပါဠိလို '**ဇီဝနဲ့သရီရ' ဇီဝ** ဆိုတာ အသက်။ အသက်ဆိုတာ ဗမာတွေပြောသလိုပြောမယ် ဆိုရင် လိပ်ပြာကောင် ဝိညာဉ်ကောင်နော်။ သေတဲ့အခါ

လိပ်ပြာစင်သွားတယ်၊ လိပ်ပြာထွက်သွားတယ်။ ဝိညာဉ်လေးက ကူးပြောင်းသွားတယ်လို့ ဒီလိုပြောတာ **ဇီဝ**။ အဲတော့ ဒီခန္ဓာကိုယ်နဲ့အသက်၊ ဒီနှစ်ခုကို တန်းတူထားတာ။ အတူတူပဲလို့ ယူဆတာ။ **"တံ ဇီဝံ တံ သရီရံ– ဇီဝသည်ပင် သရီရ၊ သရီရသည်ပင် ဇီဝ။"**

ဆိုလိုတာက လူတစ်ယောက် သေသွားတဲ့အခါမှာ ဒီ body ကြီး ပျက်စီးသွားတာ။ သေသွားရင် ပြတ်သွားပြီ။ ခန္ဓာကိုယ်ရုပ်အလောင်းကြီးက မီးရှို့ပစ်လိုက်တာတို့၊ မြှုပ်ပစ်လိုက်တာတို့ ပြီးသွားပြီ။ နောက်ထပ် မဖြစ်တော့ဘူး။ ဒါက ဥစ္ဆေဒဝါဒကို ပြောတာ။ ဇီဝနဲ့ သရီရ အတူတူပဲတဲ့။ ဒီခန္ဓာကိုယ်ကြီးက ရုပ်အလောင်းကြီးက ကျန်တာပဲလေ။ ကျန်တော့ အသက်နဲ့ခန္ဓာကိုယ်ဟာ အတူတူပဲလို့ဆိုတဲ့အခါကျတော့ ခန္ဓာကိုယ်ကြီး မလှုပ်တော့ဘူးဆိုရင် ခန္ဓာကိုယ်ကြီးသေသလို အသက်ကလည်း သေသွားပြီပေါ့။ ထွက်မသွားတော့ဘူးနော်။ တစ်ခါတည်း သေတယ်လို့ဆိုလိုတယ်။ **'တံ ဇီဝံ တံ သရီရံ'** လို့ သူပြောတာက **ဇီဝနဲ့ သရီရဟာ အတူတူပဲ၊**

ဒါသာ အမှန်။ **ဇီဝ** မရှိတော့ရင် **သရီရ**မရှိတော့ဘူး။ **သရီရ** မရှိတော့ရင် **ဇီဝ**မရှိတော့ဘူး။ နောက်ထပ်ဘာမှ ဆက်စရာ မရှိဘူးလို့ ဒီလိုဆိုလိုတာ။ **ဥစ္ဆေဒဝါဒ**ကို ဆိုလိုတာ။

ဟော နောက်တစ်ယောက်က ဘာပြောတုန်းဆို **"အညံ့ ဇီဝံ အညံ့ သရီရံ – ဇီဝနဲ့ သရီရက တခြားစီ"** တဲ့။ ခန္ဓာကိုယ်ကြီး ရုပ်အလောင်းကြီးက ရှိချင်ရှိနေမယ်။ သို့သော် **ဇီဝ**လေးကတော့ ထွက်သွားပြီတဲ့။ နောက်ခန္ဓာကိုယ်တစ်ခုမှာ ဝင်လိမ့်မယ်။ ဒါကျတော့ **သဿတဝါဒ**လို့ ခေါ်တယ်ပေါ့။ ဒီလို တစ်ဦးနဲ့တစ်ဦး မတူညီတဲ့ အတွေးတွေ အမြင်တွေ သူ့အမြင် ကိုယ့်အမြင်တွေကို ပြောကြတာ။

နောက်ထပ် လေးဦးက ဘာပြောတုန်းဆိုတော့ **တထာဂတ** လို့ခေါ်တဲ့ **သတ္တဝါတစ်ယောက်** (သို့မဟုတ် ရဟန္တာလို့ သတ်မှတ်ထားတဲ့ဘဝမှာ အထွတ်အထိပ်သို့ ရောက်သွားတယ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦး။) **သေပြီးတဲ့ နောက်မှာ ပြန်ဖြစ်သလား။** ဒီမေးခွန်းရှိတယ်။ သေပြီးတဲ့

နောက်မှာ ပြန်ဖြစ်သလားဆိုရင် (၁) ဖြစ်တယ်လို့ ပြောတာ တစ်ဦးရှိတယ်။ (၂) မဖြစ်ဘူးလို့ပြောတာလည်း တစ်ဦးရှိတယ်။ (၃) ဖြစ်တာလည်းရှိတယ် မဖြစ်တာလည်း ရှိတယ်လို့ ခွထုတ်ပြီး ပြောတဲ့ပုဂ္ဂိုလ်လည်း ရှိသေးတယ်။ (၄) တချို့တလေက ဖြစ်တယ်၊ တချို့တလေက မဖြစ်ဘူး။

(၁) သေသွားတဲ့ သတ္တဝါတစ်ယောက်သည် သေပြီးတဲ့နောက်မှာ ပြန်ပြီးတော့ ဖြစ်သေးတယ်။ ဒါက တစ်ခုနော်။ (၂) ပြန်မဖြစ်တော့ဘူးဆိုတာက တစ်ခု။ (၃) တချို့ဖြစ်တယ် တချို့မဖြစ်ဘူး ဆိုတာက တစ်ခု။ (၄) လုံးဝမဖြစ်ဘူး။ သို့သော် လုံးဝမဖြစ်တာလည်း မဟုတ်ဘူးတဲ့။ ဒီလူကတော့ ယောင်တောင်ဝါးတား လုပ်တဲ့သူပဲနော်။ စဉ်းစားကြည့်လေ လုံးဝမဖြစ်ဘူးလို့ ပြောပြီးတော့မှ လုံးဝမဖြစ်တာလည်း မဟုတ်ပါဘူး ဆိုတော့ သူဟာသူ ပြန်ဖျက်ထားတာလေ။ သူကတော့ ရိုးတိုးယားတား လုပ်တာပေါ့။ ယောင်ဝါးသမားပေါ့။ ဒီ ယောင်ဝါးသမားဝါဒကို **အမရာဝိက္ခေပဝါဒ** ခေါ်တယ်။

သူ့ကို ဖမ်းလို့မရဘူး။ ဘယ်ဝါဒတုန်းလို့ အတိအကျ ပြောလို့ မရဘူး။ ဒါ အရှင်သာရိပုတ္တရာတို့ရဲ့ ဆရာကြီး ဖြစ်ခဲ့ဖူးတဲ့ သိဉ္စည်းပရိဗိုဇ်ကြီးရဲ့ဝါဒပဲ။ သူကအမြဲတမ်း ယောင်ဝါးချည်းပဲနော်။

ယောင်ဝါးလုပ်တဲ့ဝါဒကို သူက ကိုင်ထားတယ်။ ဘာပြုလို့တုန်းဆို သူ့ကို ပြစ်တင်ဝေဖန်မှာ သူက ကြောက်တယ်။ ဘယ်ဟာမှ ဆွဲကိုင်မထားဘူး။ အဆင်ပြေသလို ကြည့်ပြောလိုက်တာ။ ဖြစ်သလားဆိုလျှင် အင်း ဖြစ်တာလည်း မဟုတ်ပါဘူး၊ မဖြစ်ဘူးလား ဆိုလျှင် အင်း မဖြစ်ဘူးလည်း မဟုတ်ပါဘူးနော်။ ဒါဖြင့် တချို့ဖြစ် တချို့မဖြစ်လား။ အဲဒီလိုလည်း မဟုတ်ပါဘူး။ ဒါဖြင့် လုံးဝမဖြစ်ဘူးလား လို့ဆိုတော့ လုံးဝ မဖြစ်ဘူးလည်း မဟုတ်ပါဘူးတဲ့။ သူက အကုန်လုံး အဲဒီလို ငြင်းတဲ့ဝါဒ။ သူ့ဝါဒကို **အမရာဝိက္ခေပဝါဒ** လို့ ခေါ်တယ်။ ဖမ်းရခက်တဲ့ ဝါဒလို့မှတ်ပါ။

စာပေကျမ်းဂန်မှာ လေးချက် လေးချက်ခွဲတယ်။ (၁) သေပြီးတဲ့နောက် သတ္တဝါဟာ ဖြစ်တယ်ဆိုလျှင်

**သဿတဝါဒ**။ (၂) သေပြီးတဲ့နောက် သတ္တဝါဟာ မဖြစ်တော့ဘူးဆိုလျှင် **ဉစ္ဆေဒဝါဒ**။ (၃) သေပြီးတဲ့နောက်မှာ သတ္တဝါဟာ တချို့ကပြန်ဖြစ်တယ်၊ တချို့မဖြစ်ဘူးလို့ ဆိုလို့ရှိလျှင် **ကေစ္စသဿတဝါဒ**။ တချို့ မြဲတယ်ဆိုတဲ့ ဝါဒ။ တချို့မြဲ တချို့မမြဲဘူး ဆိုတဲ့ဝါဒ။ (၄) သတ္တဝါ တစ်ယောက်ဟာ လုံးဝမဖြစ်ဘူး၊ လုံးဝမဖြစ်ဘူးလည်း မဟုတ်ဘူးလို့ဆိုတာ **အမရာဝိက္ခေပဝါဒ**။ ယောင်ဝါးဝါး ဝါဒလို့ ခေါ်တယ်။ အားလုံး မေးခွန်းတွေပြောလိုက်ကြတာ။ သူတို့ အယူဝါဒတွေက စုစုပေါင်း ၁၀-ချက် ရှိတယ်။

မြတ်စွာဘုရား မဖြေတဲ့ ၁၀-ချက်ဆိုတာ ဒီ ၁၀-ချက်ပဲ။ လောကကြီးဟာ မြဲသလားဆိုလျှင်လည်း ဘုရားက မဖြေဘူး။ မမြဲဘူးလား ဆိုလျှင်လည်း မဖြေဘူး။ လောကကြီးဟာ အဆုံးရှိသလား ဆိုလျှင်လည်း မဖြေဘူး။ ဘာပြုလို့တုန်းဆိုရင် သူတို့ ကိုင်မေးတဲ့ လောကဆိုတာကိုက သတ္တဝါဆိုတဲ့ အဓိပ္ပါယ်နဲ့ ပြောတာဖြစ်လို့ပဲ။ မြတ်စွာဘုရားရဲ့ ဟောပြောချက်မှာ

သတ္တဝါဆိုတာမရှိဘူးလေ။ ရှိတာက ရုပ်နဲ့နာမ်ပဲ ရှိတာကိုး။ အဲဒါကြောင့်မို့လို့ သတ္တဝါတစ်ယောက် သေပြီးရင် ဖြစ်သလား မဖြစ်ဘူးလား သတ္တဝါကို ကိုင်မေးရင် မဖြေတဲ့ မေးခွန်းလို့ ဒီလိုပြောတာနော်။

အတ္တကို ကိုင်စွဲပြီးတော့မေးတဲ့ မေးခွန်းမှန်သမျှကိုလည်း ဘုရား မဖြေဘူး။ ဖြေရင် အတ္တကို အသိအမှတ်ပြုရာ ရောက်သွားမှာပဲ။ ကဲ ကိုယ့်ဟာကိုယ် ဖြေကြည့်စမ်းပါဦးနော်။ ဆိုပါစို့- မရှိတာလေး တစ်ခုပြောရအောင်။ ကိုယ့်မှာ ဝရဇိန်လက်နက်မရှိဘူး။ အဲဒီ မရှိတဲ့ ဝရဇိန်လက်နက်ဟာ သံနဲ့လုပ်ထားသလား၊ ကြေးနဲ့လုပ်ထားသလားဆို ဘယ်လိုဖြေမတုန်း။ (မရှိပါဘူး ဘုရား) မရှိတာကို သံနဲ့လား၊ ကြေးနဲ့လားပြောရင် ဘယ်လိုပြောမတုန်း။ ဖြေလို့ မရတော့ဘူးလေ၊ ရှိမှ မရှိတာ။

နောက်တစ်ခုက- သားသမီးမထွန်းကားတဲ့ အမျိုးသမီးရဲ့ သားကလေးဟာ အရပ်ထွားသလား၊ ပုသလားဆိုရင် ဘယ်လိုဖြေမတုန်း။ (မွေးစားသား ပြောတာ

မဟုတ်ဘူးနော်။) သားသမီးမှ မထွန်းကားရင် သူ့မှာ သားရှိပါ့မလား။ (မရှိပါဘုရား) မရှိတဲ့သားကို အရပ်ထွားသလား၊ အရပ်ပုသလား မေးရင် ဘယ်လိုလုပ်ဖြေမတုန်း။ (မရပါဘုရား) မြတ်စွာဘုရား မဖြေတာ အဲဒါကြောင့် မဖြေတာ။ ပြောခြင်းပြောရင် ငါ့မှ မရှိတာလို့ ပြောလို့ရတယ် ဟုတ်လား။ အဲလိုဆိုလိုတာ။ ကိုယ့်မှာ ကားမရှိဘူး ကားမဝယ်ရသေးဘူး။ အဲဒီ မဝယ်ရသေးတဲ့ကားဟာ ဂျပန်ဖြစ်ကားလား၊ တရုတ်ဖြစ်ကားလားဆို ဘယ်လိုဖြေမတုန်း။ ဖြေလို့မရဘူး။ အဲဒီလိုပဲ ဒီမေးခွန်းတွေ အားလုံးဟာ သတ္တဝါနဲ့ အတ္တနဲ့ ဆက်စပ်ပြီးတော့ မိစ္ဆာအယူဝါဒတွေနဲ့ ပတ်သက်တာတွေပဲ ဖြစ်နေလို့ မြတ်စွာဘုရားက မဖြေဘူး။

အဲဒီ အယူဝါဒတွေကို ပရိဗိုဇ်တွေဟာ တစ်ယောက် တစ်မျိုး လျှောက်ပြီး တင်ပြနေကြတာ။ သူ့အယူက ဒီလိုပါလို့ဆိုတော့ သူတို့လဲ ဒီ ၁၀-မျိုးကို ပြောပြီးတဲ့အခါမှာ အနာထပိဏ်သူဌေးကြီးက တစ်ခုချင်း တစ်ခုချင်း ပြောပြတယ်။ “ကဲ ကိုယ်တော်တို့ထဲက

ပထမဆုံးပုဂ္ဂိုလ်က- ဒီလောကကြီးဟာ မြဲတယ်။ ဒါသာ အမှန်၊ တခြားဟာ အမှားလို့ ဒီလိုပြောတယ်။ အဲဒီ ပုဂ္ဂိုလ်ရဲ့ ဒီအယူဝါဒဟာ **အယောနိသော မနသိကာရ** နဲ့ **ပရတောဃောသ**၊ ဒီအကြောင်းနှစ်ခုကြောင့်ဖြစ်တာ”

**အယောနိသော မနသိကာရ** ဆိုတာ မမှန်မကန် စဉ်းစားလို့ ဖြစ်လာတာတဲ့။ မမှန်မကန် စဉ်းစားလို့၊ **ပရတောဃောသ** – ဆိုတာ မှားယွင်းတဲ့ တရားမေ့မ္မ တစ်ခုခုကို ကြားနာပြီးလို့ ဖြစ်တာပါတဲ့။ အကြောင်းကိုပဲ ပြောလိုက်တယ်နော်။ အားလုံးကို ဝေဖန်လိုက်တာ အဲဒီအတိုင်းပဲ။ အခု အမြင်တွေ ဒဿနတွေ ဖြစ်ပေါ် လာတာဟာတဲ့ မိမိကိုယ်တိုင်ရဲ့ မမှန်မကန် နှလုံးသွင်းမှု ကြောင့်ရယ်၊ သူတပါးဆီကနေ တစ်ဆင့်ကြားရတဲ့ မှားယွင်းတဲ့ တရားကို ကြားနာရလို့ရယ်။ ဒီနှစ်ခုကြောင့် ဖြစ်တာပါတဲ့။

ပြီးတော့ သူက ဘာပြောတုန်းဆို- “ဘယ်အရာပဲ ဖြစ်ဖြစ် အကြောင်းကိုစွဲပြီး ဖြစ်တဲ့အရာ မှန်လို့ရှိရင် အနိစ္စပဲ၊ မမြဲဘူး။ မမြဲလို့ရှိရင် **‘ယဒနိစ္စံ တံ ဒုက္ခံ’**–

မမြဲတာ မှန်သမျှ ဒုက္ခ။ အဲဒီ ဒုက္ခကို ဒီကိုယ်တော်က စွဲကိုင်နေတာ” လို့ ဒီလို ပြောတယ်။ ကိုယ်တော်တို့ဟာ ဒုက္ခတွေကို စွဲကိုင်နေတဲ့ ကိုယ်တော်တွေ ဒီလိုဆိုလို တယ်။

ကိုယ်တော်တို့ရဲ့ အမြင်ဟာ တစ်စုံတစ်ခုကို အကြောင်းပြုပြီးတော့ ဖြစ်တာ။ အကြောင်းရှိလို့ ဖြစ်လာတာ။ အကြောင်းကြောင့်ဖြစ်ပေါ်လာတဲ့ သင်္ခတ တရား မှန်သမျှဟာ မမြဲဘူး။ မမြဲတဲ့တရား မှန်သမျှ ဒုက္ခ။ အဲဒီဒုက္ခကို ကိုယ်တော်က စွဲကိုင်ထားတဲ့ပုဂ္ဂိုလ်ပဲ လို့ အဲဒီလို ဝေဖန်ချက်ပေးတာ။

အနာထပိဏ်သူဌေးကြီးက အဲဒီလို ဝေဖန်ချက် ပေးတဲ့အခါ ပရိဗိုဇ်တွေကလည်း သူ့ကို ပြန်မေးတာပေါ့။ “ကဲ တို့ရဲ့အမြင်တွေအားလုံး ပြောပြီးပြီ သူဌေး ကြီး။ ကဲ သူဌေးကြီးရဲ့ အမြင်ကိုပြော” ဆိုတဲ့အခါ အနာထပိဏ်သူဌေးက ဘယ်လိုပြောတုန်း။ ဒီနေရာမှာ သူ့အမြင်က ဗုဒ္ဓဘာသာတွေ ပြောရမယ့် အမြင်ပဲနော်။ သူပြောတဲ့အပြောက “အရှင်ဘုရားတို့တဲ့၊ ဘယ်အရာပဲ

ဖြစ်ဖြစ်၊ ဖြစ်ပေါ်လာတဲ့အရာ မှန်သမျှ၊ အကြောင်းတရားတွေက ပေါင်းပြီး ထုတ်လုပ်လိုက်တဲ့အရာသာ ဖြစ်တယ်။ အကြောင်းတရားတွေရဲ့ စေ့ဆော်မှုကြောင့် ဖြစ်ပေါ်လာတဲ့အရာ၊ အကြောင်းတရားကို စွဲမှီပြီး ဖြစ်ပေါ်လာတဲ့အရာ မှန်သမျှဟာ မမြဲပါဘူး။”

သချောမှတ်ဖို့နော်- ဆိုလိုတာက တိုတိုပြောမယ်ဆိုရင် သင်္ခတတရားမှန်သမျှ မမြဲဘူးလို့ ပြောတာ။ သူ့အယူအဆကို ပြောတာ။ သင်္ခတမှာ **‘သံ’** က အကြောင်းတရားတွေ ပေါင်းစုပြီး၊ **‘ခတ’** ဆိုတာ (‘ကရ’ကလာတာ) ထုတ်လုပ်လိုက်တဲ့ ပစ္စည်းတစ်ခု။ အခုကြည့်လေ၊ ဒီဓမ္မာရုံကြီးရဲ့ အတွင်းမှာ အလင်းရှိတယ်။ အဲဒီအလင်းဟာ ဘာက ထုတ်လုပ်ထားတာတုန်းဆိုတော့ လျှပ်စစ်နဲ့ အခု ဖန်ချောင်းတွေနဲ့ လျှပ်စစ်မီးကြိုးတွေ ပေါင်းပြီးတော့ ထုတ်ထားတဲ့ အလင်းရောင်မို့လား။ မီးပျက်တာနဲ့ တပြိုင်နက် မှောင်မသွားပေဘူးလား။ (မှောင်သွားပါတယ် ဘုရား)။ အကြောင်း

တရားတွေက ပေါင်းပြီးတော့ ထုတ်လုပ်ထားလို့ **'သင်္ခတ'** လို့ခေါ်တယ်။

ဘုန်းကြီးတို့တတွေရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရား နာမ်တရားတွေဟာ အကြောင်းတရားတွေကပေါင်းပြီး ထုတ်လုပ်ထားတဲ့အရာတွေသာ ဖြစ်တယ်။ အဲဒါကို ပြောတာ **ယံ ကိဉ္စိ ဘူတံ**-ဖြစ်ပေါ်လာတဲ့အရာ မှန်သမျှ၊ **သင်္ခတံ**-အကြောင်းတရားတွေက ပေါင်းစုပြီး ပြုလုပ်ထားတဲ့အရာ။ **စေတယိတံ**- အကြောင်းတရား တွေက စေ့ဆော်ထားတဲ့အရာ။ **ပဋိစ္စသမုပ္ပန္နံ** - အကြောင်းတရားကို စွဲပြီးတော့ ဖြစ်ပေါ်လာတဲ့ အရာသာဖြစ်တယ်။ ဆိုင်ရာအကြောင်းကြောင့် ဖြစ်နေ တာတွေမှန်သမျှ အနိစ္စ။

သူတို့အမြင်တွေဟာလည်း ဆိုင်ရာဆိုင်ရာ အကြောင်းကြောင့် ဖြစ်နေတာ။ ဘုန်းကြီးတို့တတွေရဲ့ ရှေ့မှာ ရှိနေတဲ့ ပန်းပွင့်လေးတွေကိုကြည့်။ ပန်းပွင့်လေး တွေ ဒီလိုတည်နေတာ ဆိုင်ရာဆိုင်ရာ အကြောင်းတွေ ကြောင့်ဖြစ်နေတာလေ။ ဆိုင်ရာအကြောင်းတွေက

ထောက်ပံ့ထားလို့ ဒီလိုနေနိုင်တာပေါ့။ အဲဒီ ဆိုင်ရာ ဆိုင်ရာအကြောင်းတွေ ပြတ်သွားတာနဲ့ တပြိုင်နက် ပျက်စီးသွားမှာပဲပေါ့။ ဒီလိုဆိုလိုတာနော်။

အဲဒီတော့ အကျဉ်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် **သစ္စာ** တရားမှန်သမျှ အနိစ္စ။ (သူ့အမြင်ကို ပြောနေတာနော်) အနိစ္စမှန်သမျှ ဒုက္ခ။ ငါလည်း မဟုတ်ဘူး၊ ငါ့ဟာလည်း မဟုတ်ဘူး။ ငါ့ရဲ့အတ္တလည်း မဟုတ်ဘူး လို့ တပည့်တော်က ဒီလို အမြင်ရှိပါတယ်။ ဟော ဒါ အနာထပိဏ်သူဌေးကြီးရဲ့ အမြင်ပဲ။ ဗုဒ္ဓဘာသာ တစ်ယောက်ရဲ့အမြင်ပဲ။

ဆိုလိုတဲ့အဓိပ္ပါယ်က သစ္စာတရားမှန်သမျှ မမြဲဘူး။ မမြဲရင် ဒုက္ခ။ အဲဒီ ဒုက္ခမှန်သမျှ ငါမဟုတ်ဘူး၊ ငါ့ဟာမဟုတ်ဘူး၊ ငါ့ရဲ့အတ္တလည်း မဟုတ်ဘူးလို့ ဒီလို မြင်ပါတယ်လို့ ပြောတာ။ အဲဒီအမြင်ဟာ မြတ်စွာဘုရား **အနတ္တလက္ခဏသုတ်** မှာ ဟောထားတဲ့ အမြင်ပဲလေ။

**အနတ္တလက္ခဏသုတ်** မှာကြည့်- **'နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာတိ ယထာဘူတံ**

**သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ’** တဲ့။ ဒီလိုမြင်ရမယ်လို့ မြတ်စွာဘုရားက ဟောထားတာလေ။ သူမြင်တာ အဲဒီအတိုင်းပဲ မြင်ပါတယ်တဲ့။ အားလုံးခြုံငုံ ပြောလိုက်တာ။ သခ်တတရားမှန်သမျှ မမြဲဘူး။ မမြဲတာမှန်သမျှ ဒုက္ခ။ **‘သဗ္ဗေ သခ်ါရာ ဒုက္ခာ’** ထဲမှာ ပါတယ်။ အဲဒီဒုက္ခကို လူတွေက ‘ငါ့ဟာ’လုပ်နေကြတယ်။ ‘ငါ’ လုပ်နေကြတယ်။ ‘ငါ့ရဲ့ အတ္တ’ လို့ ထင်နေကြတယ်ပေါ့။ သူ့ဟာ ငါ့ဟာလည်း မဟုတ်ဘူး။ သူလည်း ငါလည်း မဟုတ်ဘူး၊ သူ့ရဲ့အတ္တ ငါ့ရဲ့အတ္တလည်း မဟုတ်ဘူးလို့ ဒီလို မှန်မှန်ကန်ကန် မြင်ပါတယ်တဲ့။

အဲဒီလိုပြောတဲ့အခါမှာ ပရိဗိုဇ်တွေက သူ့ကို ဝိုင်းပြီးတော့ ပြောကြပြန်ရော။ ဘယ်လိုပြောတုန်းဆိုတော့ “ကဲ သူဌေးကြီး၊ အဲလိုဆိုရင် သခ်တတရားမှန်သမျှ မမြဲဘူး။ မမြဲတဲ့တရား မှန်သမျှ ဒုက္ခ။ အဲဒီ ဒုက္ခကို (ကိုယ်တော်တို့ ဒုက္ခကိုပဲ ချဉ်းကပ်နေတဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ်တော်တို့ ဒုက္ခကို ငြိတွယ်နေတဲ့ ပုဂ္ဂိုလ်တွေ။ ဒုက္ခနောက် လိုက်နေတဲ့ပုဂ္ဂိုလ်တွေလို့ သူဌေးက သူတို့

ကို ပြောထားတာဆိုတော့ သူ့ကိုလည်း အဲဒီအတိုင်း ပြန်ပြောကြတာ) သူဌေးကြီးလည်း အဲဒီမမြဲဘူးဆိုတဲ့ ဒုက္ခနောက် လိုက်နေတာပဲ ဘာထူးတုန်း” လို့ ဝိုင်းပြောကြတယ်။

အနာထပိဏ်သူဌေးက ဘာပြောတုန်းဆိုတော့ “ဖြစ်ပေါ်လာတဲ့ သင်္ခတတရားမှန်သမျှဟာ မမြဲဘူး။ မမြဲတဲ့ သင်္ခတတရားမှန်သမျှသည် ဒုက္ခ။ အဲဒီ ဒုက္ခကို “ငါ့ဟာ မဟုတ်ဘူး”လို့လည်း မြင်တယ်။ “ငါ မဟုတ်ဘူး” လို့လည်း မြင်တယ်။ “ငါ့အတ္တမဟုတ်ဘူး”လို့လည်း မြင်တယ်။ ဒီလို မြင်ရုံတင်မကဘူး။ အဲဒီလို မြင်တဲ့ အမြင် ရှေ့ဆက်ပြီးတော့ ဘာလုပ်ရမယ်၊ သံသရာဝဋ်က ထွက်မြောက်အောင် ဘာလုပ်မယ်၊ ဒီ့ထက် ပိုပြီးတော့လည်း သူသိတယ်လို့ ပြောလိုက်တယ်။

‘**တဿ စ ဥတ္တရိ နိဿရဏံ**” အဲဒီ ဒုက္ခရဲ့ ထွက်မြောက်ရာကိုလည်း သူသိတယ်။ မြင်ရုံသာ မြင်တာ မဟုတ်ဘူး။ ဒုက္ခကို ငါ့ဟာမဟုတ်ဘူးလို့ မြင်တာနဲ့တင်ပဲ အဆုံးသတ်ပြီလားဆိုတော့ မသတ်

သေးဘူးလေ။ ဒုက္ခက ဘယ်မှာ အဆုံးသတ်တုန်း။ ဒုက္ခရဲ့အဆုံးသတ်ဟာ နိဗ္ဗာန်ပဲလေ။ အဲဒီနိဗ္ဗာန်ထိအောင် သိတယ်လို့ သူက ဒီလိုပြောတာ။ ဒုက္ခကို "ငါ့ဟာ မဟုတ်ဘူး" လို့ မြင်တယ်။ "ငါ မဟုတ်ဘူး"လို့ မြင်တယ်။ "ငါ့ရဲ့အတ္တမဟုတ်ဘူး"လို့ မြင်တယ်။ ဒီအမြင်ထက်ပိုပြီးတော့ အဲဒီ ဒုက္ခဟာ ဘယ်မှာ ထွက်ပေါက်ရှိတယ်။ နောက်ဆုံး ဒီဒုက္ခ ဘယ်မှာအဆုံးသတ်မယ်ဆိုတာကိုလည်း သူမြင်တယ်လို့ ပြောလိုက်တယ်။ ပရဗိုဇ်အားလုံးက ဘာမှ ပြန်မပြောနိုင်ကြတော့ဘူး။ ပရိဗိုဇ်တွေက အကုန်လုံး ငြိမ်သွားကြတယ်။ အဲဒီအချိန်မှာ အနာထပိဏ်သူဌေးက ထပြန်လာခဲ့တယ်နော်။

အဲဒီတော့ဒီနေရာမှာ "**ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့အမြင်**" ဆိုတာ ဘာလဲ၊ ပြန်ပြီးတော့ မှတ်သားကြမယ်ဆိုရင် အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးတရားကို '**ပဋိစ္စသမုပ္ပန္န**' လို့ ခေါ်တယ်နော်။ အကြောင်းတရား မရှိဘဲ သူ့ဟာသူ ဖြစ်တာကျတော့

**'အဝိဇ္ဇာသမုပ္ပန္န'** လို့ ခေါ်တယ်။ ဒီစကားလုံးနှစ်လုံးက ကပ်နေတာ။ **'ပဋိစ္စသမုပ္ပန္န'** ဆိုတာ သူက တစ်ခုခုကို မှီပြီးဖြစ်တာ။ **'အဝိဇ္ဇာသမုပ္ပန္န'** ဆိုတာ ဘာကိုမှ မမှီဘဲနဲ့ သူ့ဟာသူ ဖြစ်တာ။ **'ပဋိစ္စသမုပ္ပန္န'** က အမှန်၊ **'အဝိဇ္ဇာ–သမုပ္ပန္န'** ဆိုတဲ့ အယူက အမှား။

အဲဒီမှာ အကြောင်းတစ်ခုကို စွဲမှီပြီး ဖြစ်လာတဲ့ အရာ မှန်သမျှ မမြဲဘူး။ မမြဲတဲ့အရာမှန်သမျှ ဒုက္ခ။ အဲဒီဒုက္ခကို 'ငါ'လို့လည်း မမြင်ဘူး။ 'ငါ့ဟာ'လို့လည်း မမြင်ဘူး။ 'ငါ့ရဲ့အတ္တ'လို့လည်း မမြင်ဘူး။ မမြင်ရုံတင် မကဘူး အဲဒီဒုက္ခဟာ ဘယ်မှာ အဆုံးသတ်တယ် ဆိုတာသိတယ်၊ ဒုက္ခရဲ့ထွက်ပေါက်ကိုပါ သူသိတယ်။ ဒါ နိဗ္ဗာန်ကို ပြောတာနော်။ တဏှာတွေကို ဖယ်ရှား လိုက်နိုင်လို့ရှိရင် ဒီဒုက္ခဟာ အဆုံးသတ်သွားနိုင်တယ် ပေါ့၊ အဲဒါထိအောင် သူသိပါတယ်လို့ ပြောတော့ ပရိဗိုဇ်တွေဟာ ရှေ့ဆက် မပြောနိုင်ကြတော့ဘူး၊ ငြိမ်နေကြတယ်။

အနာထပိဏ်သူဌေးက အဲဒီနေရာက ထပြန်လာပြီး ဇေတဝန်ကျောင်းဘက်ကို ဦးလှည့်ထွက်သွားတယ်။ ဇေတဝန်ကျောင်းရောက်တဲ့အခါ မြတ်စွာဘုရားကို ဝင်ရောက်ရှိခိုးပြီး ပရိဗိုဇ်တွေနဲ့ ပြောဆိုခဲ့တဲ့ အကြောင်းအရာကို ဘုရားကို လျှောက်တဲ့အခါမှာ မြတ်စွာဘုရားက သာဓုခေါ်တယ်နော်၊ သာဓုခေါ်ပြီးတော့ **"အနာထပိဏ်သူဌေးလို ဆန့်ကျင်ဘက်ပြောလာတဲ့ အယူအဆတွေကို ဖြေရှင်းရမယ်"** လို့ မြတ်စွာဘုရားက ဆုံးမဩဝါဒပေးတယ်။ အင်္ဂုတ္တရနိကာယ်မှာ **'ကိံ ဒိဋ္ဌိက'** သုတ္တဆိုတာရှိတယ်။

အေး တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့ 'သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်' ဆိုသည်မှာ ဒီအမြင်ကို ပြောတာပါ။ ဓမ္မအမြင် တရားအမြင်ဆိုတာ **'သဗ္ဗေ သင်္ခါရာ အနိစ္စာ'** ပဲနော်။ အကြောင်းတရားကြောင့် ဖြစ်လာတဲ့ တရားမှန်သမျှ အနိစ္စ။ အနိစ္စမှန်လို့ရှိရင်ဒုက္ခ။ အဲဒီ ဒုက္ခဆိုတဲ့တရားကို ငါလို့လည်း မမြင်ဘူး၊ ငါ့ဟာလို့လည်း မမြင်ဘူး၊

ငါ့ရဲ့အတ္တလို့လည်း မမြင်ဘူး။ ဒါ မှန်ကန်တဲ့အမြင်။ ဒါတင်မကဘူး အဲဒီဒုက္ခဟာ ဘယ်မှာအဆုံးသတ်တုန်းဆို နိဗ္ဗာန်မှာ အဆုံးသတ်တယ်။ ဒီအမြင်ဟာ ဗုဒ္ဓဘာသာဝင် တစ်ယောက်ရဲ့ မှန်ကန်တဲ့အမြင်။ ဿောတာပန်ပုဂ္ဂိုလ်ရဲ့အမြင်ကို သူ ရှင်းပြောသွားတာပေါ့။

ဒီအမြင်ဟာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ **'အနတ္တလက္ခဏသုတ်'** နဲ့ တစ်ထပ်တည်းပဲ။ ဘာမှ မထူးဘူးနော်။ ဒီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တွေကို မှန်ကန်တဲ့ **'နေတံ မမ၊ နေသောဟမသ္မိ၊ နမေ သော အတ္တာ'** လို့ဆိုတဲ့ မှန်ကန်တဲ့အမြင်နဲ့ ရှုမြင်ရမယ်လို့ မြတ်စွာဘုရားဟောတဲ့အတိုင်း ရှုမြင်တယ်။

ဒါဖြင့် ထွက်ပေါက်က ဘယ်လိုလဲလို့ဆိုတော့ အဲဒီလို မှန်ကန်တဲ့အမြင်နဲ့ ရှုမြင်လိုက်တဲ့အခါ ဘာဖြစ်တုန်း၊ ရုပ်အပေါ်မှာလည်း ငြီးငွေ့လာတယ်၊ ဝေဒနာအပေါ်မှာလည်း ငြီးငွေ့လာတယ်၊ သညာ သင်္ခါရ ဝိညာဏ်တွေအပေါ်မှာလည်း ငြီးငွေ့လာတယ်။ ငြီးငွေ့

တယ်ဆိုတာ ပျော်စရာ ရှာမတွေ့တော့ဘူး။ ကျေနပ်စရာ တစ်ခုမှရှာမတွေ့တော့ဘူး။ မကြိုက်တော့ဘူးလို့ ဆိုလိုတယ်။ ဒါ ပစ္စည်းတစ်ခု မကြိုက်ရင် စွန့်ပစ်တော့တာပဲ မဟုတ်လား။ အဲဒီတော့ ဒီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တွေအပေါ်မှာ အနှစ်သာရကို မမြင်တော့ဘူး။ ဒီအပေါ်မှာ တွယ်တာမှုတွေ ကင်းလာတဲ့ သဘောပေါ့။ ဒါ ဝိပဿနာဉာဏ်ဖြစ်ပုံကို ပြောတာ။ **နိဗ္ဗိန္ဒတိ**ဆိုတာ ငြီးငွေ့တယ်ဆိုတာ ဝိပဿနာဖြစ်ပုံကို ပြောတာ။

ဝိပဿနာဖြစ်လာတဲ့အခါမှာ တွယ်တာမှုတွေ လျော့ကျသွားတယ်။ နောက်ဆုံး ဒီတွယ်တာမှုတွေကို လုံးဝဖြတ်တောက်လိုက်တယ်၊ **ဝိရဇ္ဇတိ**–တွယ်တာမှုတွေ ကင်းပြတ်သွားတယ်။ ဒါက မဂ်စိတ်တွေ အဆင့်ဆင့် ပေါ်တာကို ပြောတာ။ ဒီတွယ်တာမှုတွေ ကင်းပြတ်သွားတဲ့အခါ ဘာဖြစ်တုန်းဆို **ဝိရာဂါ ဝိမုစ္စတိ**– တွယ်တာမှုတွေ ကင်းသွားလို့ရှိရင် စိတ်ကလေးဟာ လွတ်သွားပြီ။ ဘယ်အပေါ်မှ တွယ်မနေတော့ဘူး။

ဘယ်လို လွတ်သွားတာတုန်းလို့ဆိုရင် ကြည့်-ကြာဖက်ကလေးပေါ်မှာ ရေပေါက်ကလေး ချလိုက်လို့ရှိရင် အဲဒီရေဟာ ကြာဖက်ကို လူးသလား မလူးဘူးလား။ (မလူးပါဘူး ဘုရား) မလူးဘူး။ အဲဒါလိုပဲ ဘုန်းကြီးတို့တတွေရဲ့ စိတ်ကလေးဟာ လွတ်မြောက်သွားပြီ ဆိုတဲ့အချိန်မှာ ဘယ်အာရုံကိုမှ တဏှာနဲ့တွယ်တာ မရှိတော့ဘူး၊ ဒိဋ္ဌိနဲ့တွယ်တာ မရှိတော့ဘူး၊ မာနနဲ့တွယ်တာ မရှိတော့ဘူး။ ဟော ဒီလိုဖြစ်သွားတာကို ပြောတာနော်။ အဲဒါကိုပဲ **ဝိရာဂါ ဝိမုစ္စတိ** တဲ့။ ဒီ တွယ်တာမှု ကင်းပြတ်သွားတာနဲ့တပြိုင်နက် လွတ်သွားတယ်။ ရဟန္တာဖြစ်တယ်လို့ဆိုတာ အဲဒီလို လွတ်သွားတာကို ပြောတာ။ ကြာဖက်ကြီးပေါ်မှာ ရေ မတင်တော့ဘူး။ ရဟန္တာရဲ့ စိတ်မှာလည်းပဲ တဏှာရာဂတွေတို့ ကိလေသာတွေ မရှိသည့်အတွက်ကြောင့် ဘယ်အရာနဲ့မှ ကပ်နေတာ ငြိနေတာ မရှိတော့ဘူးလို့ ဒီလိုဆိုလိုတာ။ အဲဒါကို **ဝိရာဂါ ဝိမုစ္စတိ** လို့ ဒီလို ပြောတာ။

အေး ဒါကြောင့်မို့လို့ တရားချစ်ခင် သူတော်စင် အပေါင်းတို့ **"ဗုဒ္ဓဘာသာတစ်ယောက်ရဲ့ မှန်ကန်တဲ့ အမြင်"** ဆိုတာ ဓမ္မအမြင်သာလျှင် ဖြစ်တယ်။ ဒါကြောင့် မို့လို့ "သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်" မှာ "သူ့အမြင် ကိုယ့်အမြင်" ဆိုတာတွေက မှန်ချင်မှ မှန်တယ်။ "ဓမ္မအမြင်" ကသာ မှန်ကန်တဲ့ အမြင်ဖြစ်တယ် ဆိုတာ ကို မှတ်သားနာယူကြပြီးတော့ ဓမ္မအမြင်မျိုးကို ရရှိ အောင် နေ့စဉ်နဲ့အမျှ ကျင့်ကြံကြိုးကုတ် အားထုတ် နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံမြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- နိယျာနိကသာသနာနှင့် မြတ်ဒေသနာများ
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား
၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

၆၆။ တရားထူးရနိုင်သူ

၆၇။ ကျေးဇူးသိခြင်း

၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

၆၉။ ကာလာမသုတ် အနှစ်ချုပ်

၇၀။ ခုခံစွမ်းအား

၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်

၇၂။ အခွင့်ကောင်းကို ရအောင်ယူ

၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း

၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ

၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်

၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ

၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း

၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ

၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်

၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား

၈၁။ နိယျာနိကသာသနာ

၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်

၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်